# Module 2.1: Gender Discrimination and Violence
# အစီအစဉ် (၂.၁) - ကျားမရေးရာ ခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်ခြင်း

**Purpose of Session:** To understand the link between gender discrimination and violence.
**အစီအစဉ်၏ ရည်ရွယ်ချက်** - ကျားမရေးရာ ခွဲခြားဆက်ဆံမှု နှင့် အကြမ်းဖက်မှု ကြားတွင်ရှိသော ချိတ်ဆက်မှုကို နားလည်သဘောပေါက်ရန်။

## Outcomes, Skills and Methodologies
## ရလဒ်များ၊ ကျွမ်းကျင်မှုများနှင့်သင်ကြားရေးနည်းစနစ်များ

| Outcomes: | ရလဒ်များ |
|---|---|
| As a result of this session, participants will be able to:<br>• Explain how gender inequality increases the risk of violence against women.<br>• Explain how violence against women is reinforced by gender inequality.<br>• Explain the link between gender stereotypes and violence against the LGBT community. | ဤအစီအစဉ်တက်ရောက်ရခြင်း၏ရလဒ်အဖြစ် သင်တန်းသူ၊ သားများသည်အောက်ပါတို့ကို လုပ်ဆောင်လာနိုင်မည် -<br>• ကျားမရေးရာ တန်းတူညီမျှမှု မရှိခြင်းသည် အမျိုးသမီးများအတွက် အကြမ်းဖက်မှုအန္တရာယ် မည်ကဲ့သို့ တိုးမြင့်စေသည်ကို ရှင်းပြလာနိုင်မည်။<br>• အမျိုးသမီးများအား အကြမ်းဖက်မှုသည် ကျားမရေးရာ တန်းတူညီမျှမှုမရှိခြင်းကို မည်ကဲ့သို့ တွန်းအားပေးနိုင်သည်ကို ရှင်းပြလာနိုင်မည်။<br>• ကျားမရေးရာ တရားသေမှတ်ယူခြင်းနှင့် LGBT အသိုင်းအဝိုင်းရှိအကြမ်းဖက်မှုများသည်မည်ကဲ့သို့ ချိတ်ဆက်နေသည်ကို ရှင်းပြလာနိုင်မည်။ |

| Skills: | ကျွမ်းကျင်မှုများ |
|---|---|
| In this session participants will practice the following skills:<br>• Debate<br>• Presentation<br>• Analysis<br>• Critical Thinking | ဤအစီအစဉ်တွင် သင်တန်းသူ/သားများသည် အောက်ပါ ကျွမ်းကျင်မှုများကို လေ့ကျင့်မည်။<br>• စကားရည်လုခြင်း<br>• စီစဉ်တင်ပြခြင်း<br>• ခွဲခြမ်းစိတ်ဖြာ သုံးသပ်ခြင်း<br>• ဖြန့်ကျက်ကာ တွေးတောခြင်း |

| Methodologies: | သင်ကြားရေးနည်းစနစ်များ |
|---|---|
| In this session participants will practice the following training methodologies:<br>• PRES<br>• Each One-Teach One<br>• Case Scenario | ဤအစီအစဉ်တွင် သင်တန်းသူ၊သားများသည် အောက်ဖော်ပြပါ သင်ကြားနည်းစနစ်များကို လေ့ကျင့်ကြရမည်။<br>• PRES<br>• တစ်ဦးမှ အခြားတစ်ဦး သို့ သင်ကြားပေးခြင်း<br>• ဖြစ်ရပ်ဇာတ်ညွှန်း |

## Rule of Law Principles
## တရားဥပဒေစိုးမိုးရေး မူများ

| | |
|---|---|
| The following rule of law principles are relevant to this session:<br>• Non-discrimination<br>• Access to justice<br>• Human Rights<br>• Equality | အောက်ဖော်ပြပါ တရားဥပဒေစိုးမိုးရေး မူများသည် ဤအစီအစဉ်နှင့် စပ်ဆိုင်မှုရှိသည်။<br>• ခွဲခြားဆက်ဆံမှု မရှိခြင်း<br>• တရားမျှတမှု လက်လှမ်းရပိုင်ခွင့်<br>• လူ့အခွင့်အရေး<br>• တန်းတူညီမျှမှု |

## Preparation
## ပြင်ဆင်ပုံ

| Materials: | သင်ထောက်ကူပစ္စည်းများ |
|---|---|
| For this session you will need:<br>• Colored Stickers<br>• Pre-written statement for Activity 1<br>• 3 A4 papers with "Advocacy Group" written on one side<br>• 1 A4 paper with "Myanmar Commission on the Reduction of Violence Against Women" written on one side | ဤအစီအစဉ်အတွက် သင်သည် အောက်ပါ အရာများကိုလို အပ်ပါလိမ့်မည်။<br>• အရောင်စတစ်ကာများ<br>• လှုပ်ရှားမှု ၁ အတွက် ကြိုတင်ရေးသားထားသော ကြေငြာချက်<br>• "လှော်ကက်လဲတင်ပြသည့်အုပ်စု" ဟု ရေးသားထားသော A4 စာရွက် ၃ ရွက်<br>• "အမျိုးသမီးများ အကြမ်းဖက်ခံရမှုမှ လျော့နည်းလာစေရေးကို ဆောင်ရွက်သည့် မြန်မာကော်မ ရှင်" ဟု ရေးသားထားသည့် A4 စာရွက် ၁ ရွက် |

| Handouts: | ဝေငှစာရွက်များ |
|---|---|
| In this session participants will use:<br>• 2.1.1 Gender Discrimination and Violence<br>• 2.1.2. Gender Discrimination and Violence<br>• 2.1.3 Gender Discrimination and Violence<br>• 2.1.4 Gender Discrimination and Violence<br>• 2.1.5 Fact Scenario | ဤအစီအစဉ်အတွက် သင်တန်းသူ၊သားများသည် အောက်ပါ အရာများကို အသုံးပြုပါလိမ့်မည်။<br>• ၂.၁.၁ ကျားမရေးရာ ခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်ခြင်း<br>• ၂.၁.၂ ကျားမရေးရာ ခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်မှုပြုခြင်း<br>• ၂.၁.၃ ကျားမရေးရာ ခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်မှုပြုခြင်း<br>• ၂.၁.၄ ကျားမရေးရာ ခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်မှုပြုခြင်း<br>• ၂.၁.၅ ဇာတ်ညွှန်း |

| OPEN SESSION | (2 mins) |
|---|---|
| အဖွင့်အစီအစဉ် | (၂ မိနစ်) |

Introduce session – background and purpose.
Review lesson outcomes with the participants. Write outcomes on flipchart paper or whiteboard and explain them. Discuss other announcements and concerns.
အစီအစဉ်အားမိတ်ဆက်ပါ - နောက်ခံအကြောင်းအရာနှင့် ရည်ရွယ်ချက်။
သင်တန်းသူ၊ သားများနှင့်အတူ ရလဒ်များအား ပြန်လည်သုံးသပ်ပါ။ မျှော်မှန်းရလဒ်များအား စာရွက်ဖြူကြီးပေါ်တွင် ချရေး၍ ရှင်းပြပါ။ ကြေငြာချက်များနှင့် အခြားအကြောင်းကိစ္စများရှိပါက ဆွေးနွေးပါ။

| REVIEW | (3 mins) |
|---|---|
| ပြန်လည်သုံးသပ်ခြင်း | (၃ မိနစ်) |

Ask participants to summarize what concepts and issues they have discussed in previous sessions.
သင်တန်းသူ၊သားများကို သူတို့ ယခင်အစီအစဉ်တွင် ဆွေးနွေးခဲ့သော ပြဿနာများနှင့် ယူဆချက်များကို အကျဉ်းချုပ်ရန် မေးပါ။

| ACTIVITY 1: THE LINK BETWEEN GENDER INEQUALITY AND VIOLENCE. | (40 mins) |
|---|---|
| လုပ်ရှားမှု ၁ - ကျား-မရေးရာ တန်းတူညီမျှမှုမရှိခြင်းနှင့် ကျား-မရေးရာ အကြမ်းဖက်ခြင်းတို့ အကြားချိတ်ဆက်မှု | (၄၀ မိနစ်) |

**Purpose of Activity:** To examine how gender inequality increases the risk of violence by men against women.
**လှုပ်ရှားမှု၏ ရည်ရွယ်ချက်** - ကျားမရေးရာတန်းတူညီမျှမှုမရှိခြင်းက အမျိုးသားများမှ အမျိုးသမီးများအပေါ် ကျူးလွန်သော အကြမ်းဖက်မှု အန္တရာယ် မည်ကဲ့သို့ တိုးမြင့်လာခြင်းကို ဆန်းစစ်ရန်

**Methodology:** PRES
**သင်ကြားရေးနည်းစနစ်** - PRES

**Materials:** Pre-written statement, 3 A4 papers with "Advocacy Group" written on one side, 1 A4 paper with "Myanmar Commission on the Reduction of Violence Against Women" written on one side.
**သင်ထောက်ကူပစ္စည်းများ** - ကြိုတင်ရေးသားထားသော ကြေငြာချက်။ "လှေျာက်လဲတင်ပြသည့်အုပ်စု" ရေးထားသည့် အေဖိုးစာရွက် (၃) ရွက်နှင့် "အမျိုးသမီးများအကြမ်းဖက်ခံရမှုလျော့နည်းလာစေရေးကို ဆောင်ရွက်သည့် မြန်မာကော်မရှင်" ဟုရေးထားသော အေဖိုးစာရွက်တစ်ရွက်။

**Handouts:** None
**ဝေငှစာရွက်** - မရှိပါ

## Instructions
## ညွှန်ကြားချက်များ

- Explain the PRES method. It is an acronym for a formula to help participants develop a persuasive argument on any issue. The letters in the acronym stand for:
  - P – State your position
  - R – Give one reason for your position
  - E – Give an example to clarify your position
  - S – Summarize your position
- PRES နည်းလမ်းကိုရှင်းပြပါ။ ၎င်းမှာအခက်အခဲ၊ ပြဿနာများ တင်ပြရာတွင်တစ်ဖက်သားမှ မိမိဘက်သို့ပါဝင်လာစေရန်အသုံးပြုသည်။ (စာလုံးတစ်လုံးတိုင်း၏အရှေ့ဆုံးစာလုံးကိုယူ၍မှတ်သားထားသော) ပုံသေနည်းဖြစ်သည်။
  - P -- မိမိရပ်တည်ချက်ကို ဖော်ပြပါ။
  - R -- မိမိရပ်တည်ချက်အတွက် အကြောင်းပြချက် တစ်ခုပေးပါ။
  - E -- မိမိရပ်တည်ချက်ကို လူအများ ရှင်းရှင်းလင်းလင်းသိစေရန် ဥပမာပေးပါ။
  - S -- မိမိရပ်တည်ချက်၏ အကျဉ်းချုပ်ကို ပြောပါ။
- Clarify the steps in this method and answer any questions. Share examples of each step. Share that more than one example may be used if doing so makes arguments more persuasive. (5 mins)
- ဤနည်းလမ်းတွင်ရှိသည့် အဆင့်များကိုရှင်းပြပါ။ မေးခွန်းများကိုဖြေပါ။ အဆင့်တစ်ခုချင်းစီကို ဥပမာပေးပါ။ သင်တန်းသူ၊ သားများအား ဥပမာတစ်ခုထက် ပို၍သုံးလိုပါက သုံးနိုင်သည်ကို ပြောပါ။ ထိုနည်းအားဖြင့် အခက်အခဲ၊ ပြဿနာများ တင်ပြရာတွင် တစ်ဖက်သားမှမိမိဘက်သို့ ပါဝင်လာစေရန် အလားအလာပို၍ ရှိသည်ဟုလည်း ရှင်းပြပေးပါ။ (၅ မိနစ်)

**Notes to facilitators**
**သင်တန်းနည်းပြများအတွက် မှတ်စုများ**
An example of the formula is:
*P I support education for women.

*R Educating women benefits not only women, but also their families.
*E Research shows that educated mothers pass on the importance of education to their children.
*S Therefore, educating women increases the education of future generations.
ဤနည်းလမ်းအတွက် ဥပမာတစ်ခုမှာ
P -- ကျွန်တော်/မ သည် အမျိုးသမီးပညာရေးကို ထောက်ခံအားပေးပါသည်။
R -- အမျိုးသမီးပညာရေးသည် အမျိုးသမီးများကိုသာမက သူတို့မိသားစုကိုပါ အကျိုးအမြတ်ရှိစေနိုင်သည်။
E -- သုတေသနပြုချက်အရ ပညာတတ်မိခင်များသည် ကလေးများအတွက် အရေးကြီးသောပညာရေးကို လက်ဆင့်ကမ်းပေးနိုင်သည်။
S -- ထို့ကြောင့် အမျိုးသမီးပညာရေးသည် အနာဂတ် မျိုးဆက်ပညာရေးကိုပါ တိုးမြင့်နိုင်သည်။

- Check for the participants' understanding of the method by asking them to pair and share specific examples with each other. Observe a few pairs and ask participants to raise their hand if they do not understand or are confused. Begin the activity when all participants appear to understand the recommended approach set forth in the acronym PRES. (5 mins)
- သင်တန်းသူ၊သားများအား နှစ်ယောက်တစ်တွဲ တွဲစေ၍ တစ်ယောက်နှင့်တစ်ယောက် ဥပမာများမျှဝေခြင်းကို ပြုလုပ်စေခြင်းဖြင့်၎င်းတို့၏ ဤနည်းလမ်းအပေါ် နားလည်မှုကိုစစ်ဆေးပါ။ ဤသို့ ဥပမာများမျှဝေနေသော သင်တန်းသူ၊သားအချို့အားလေ့လာပါ။ သင်တန်းသူ၊သားများအား နားမလည်ပါက (သို့) ရှုပ်ထွေးနေပါက လက်ထောင်စေကာ မေးခွန်းမေးခိုင်းပါ။ ရှေ့တွင်ဖော်ပြခဲ့သည့် PRES ပုံသေနည်းအသုံးပြုနည်းအပေါ်တွင် သင်တန်းသူ၊သားများကောင်းစွာနားလည်လျှင် ဤလှုပ်ရှားမှုကို စတင်ပါ။ (၅ မိနစ်)
- This is the statement that activates this activity.
- ဤလှုပ်ရှားမှုကို ဖြစ်စေသော အဆိုပြုချက်တစ်ခု ဖြစ်သည်။

**When men and women are not seen as equal or treated as equal, there is an increase in violence against women.**
**အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူညီမျှ ဆက်ဆံမခံရသောအခါ အမျိုးသမီးများအား အကြမ်းဖက်မှုများ တိုးပွားလာသည်။**

**Instructions**
**ညွှန်ကြားချက်များ**

- Ask participants to quickly form 4 groups.
- သင်တန်းသူ၊သားများကို အဖွဲ့ (၄) ဖွဲ့ လျင်မြန်စွာဖွဲ့ခိုင်းပါ။
- Assign one group to play the (imaginary) Myanmar Commission on the Reduction of Violence against Women. In other words, this is the group that will hear and decide which group made the best argument. Give this group the A4 paper with "Myanmar Commission on the Reduction of Violence against Women" written on it.
- အဖွဲ့တစ်ဖွဲ့အား အမျိုးသမီးများ အကြမ်းဖက်ခံရမှုမှ လျော့နည်း လာစေရေးကို ဆောင်ရွက်သည့် မြန်မာကော်မရှင် အဖြစ်တာဝန်ပေးပါ။ တနည်းအားဖြင့် လျှောက်လဲပြောဆိုသည်များကို ကြားနာပြီး မည်သည့်အဖွဲ့က အကောင်းဆုံးလျှောက်လဲနိုင်သည်ကို ဆုံးဖြတ်ပေးမည့်အဖွဲ့ ရှိသည့်သဘောဖြစ်ပါသည်။ ထိုအဖွဲ့ကို "အမျိုးသမီးများ အကြမ်းဖက်ခံရမှုမှ လျော့နည်း လာစေရေးကို ဆောင်ရွက်သည့် မြန်မာကော်မရှင်" ဟု ရေးသားထားသော A4 စာရွက်ကို ပေးပါ။
- Tell the other 3 groups that they are themselves with their personal interests and experiences and have joined together to present the consensus of those views to the Commission. These three groups should discuss and develop a consensus position on the statement which the Commission will consider soon. Give each group the A4 that says, "Advocacy Group".
- ကျန် အဖွဲ့ (၃) ဖွဲ့အား သူတို့နှင့်သက်ဆိုင်သည့် ကိုယ်ပိုင်အတွေ့အကြုံ စိတ်ဝင်စားမှုရှိသော အဖွဲ့များဖြစ်သည့်အပြင် သူတို့ နှင့်သက်ဆိုင်သည့် အတွေ့အကြုံ၊ စိတ်ဝင်စားမှုများကို ဘုံသဘောတူညီချက်ယူ၍ ကော်မရှင်သို့တင်ပြရန်

အတူတကွ ပူးပေါင်းခဲ့ကြသည်။ ဤအဖွဲ့ (၃) ဖွဲ့သည် အတူတကွ ဆွေးနွေးသင့် ပြီး အောက်တွင် ဖော်ပြမည့် ကော်မရှင်မှ မကြာခင် ထည့် သွင်းစဉ်းစားမည့် မူဝါဒလမ်းစဉ်အပေါ် အခြေခံ၍ ရပ်တည်ချက်တခု ထွက်ပေါ်လာအောင် ပြုလုပ်ခိုင်းပါ။ ၎င်းတို့အား "လျှောက်လဲတင်ပြသည့် အုပ်စု" ဟု ရေးသားထားသော A4 စာရွက်များ ပေးပါ။

- Each of the advocacy groups should nominate a presenter who will have 3 minutes to present the group's position using PRES.
- အဖွဲ့ (၃) ဖွဲ့ချင်းစီသည် PRES နည်းလမ်းကို အသုံးပြု၍ သူတို့၏ ကိုယ်စီ ရပ်တည်ချက်များကို (၃) မိနစ်စာ တင်ပြမည့် သူကို ရွေးချယ်ခိုင်းပါ။
- The Myanmar Commission on the Reduction of Violence against Women will have 2 minutes at the end of each group's presentation to ask any follow-up questions.
- မြန်မာနိုင်ငံ အမျိုးသမီးများ အကြမ်းဖက်မှု လျော့ကျရေး ကော်မရှင်မှ အုပ်စု (၁) စု တင်ပြဆွေးနွေးမှု ပြီးတိုင်း အောက်ပါ မေးခွန်းများကို မေးရန် (၂) မိနစ် အချိန် ရရှိပါမည်။
- While the three groups are preparing their presentations, the Commission should develop a list of questions to ask the presenters about the topic.
- အဖွဲ့ (၃) ဖွဲ့မှ တင်ပြဆွေးနွေးမှုအတွက် ပြင်ဆင်နေချိန်တွင် ကော်မရှင်မှ ခေါင်းစဉ်နှင့် ပတ်သက်သော တင်ပြဆွေးနွေး သူကို မေးခွန်းမေးရန် စာရင်းပြုစုပါ။
- After all groups have presented their arguments, the Commission will quickly confer and announce their decision using PRES.
- ကော်မရှင်မှ အဖွဲ့လိုက်တင်ပြထားသူများထဲမှ သူတို့၏အကြိုက်ဆုံးသော ဆုံးဖြတ်ချက်ကို ကြေငြာရန်အတွက် PRES နည်းလမ်းကို အသုံးပြုရပါမည်။
- Discussion time: 10 minutes. Total PRES presentation time with questions and decision from Commission: 20 minutes.
- ဆွေးနွေးချိန် (၁၀) မိနစ်။ PRES တင်ပြချိန် (မေးခွန်းမေးချိန် နှင့် ကော်မရှင်မှ ဆုံးဖြတ်ချိန်အပါအဝင်) (၂၀ မိနစ်)

**Notes to facilitators**

Some arguments could be:

- Men and boys are less likely to respect women and girls if they are not encouraged to treat them as equals.
- Women and girls are less likely to realize that they are experiencing violence if they are accustomed to being treated differently because they are female.
- Gender norms result in women and girls having lower status in their communities which may increase the risk of men using violence to enforce their power.
- Gender inequalities make it more difficult for women to access resources that may protect them from violence.
- Gender inequalities prevent women from gaining positions of power in the home and community and therefore make them unable to prevent or stop violence from occurring.

**သင်တန်းနည်းပြများအတွက် မှတ်စုများ**

အချို့ အငြင်းထွက်ဆိုချက်များသည် အောက်ပါအတိုင်းဖြစ်နိုင်ပါသည်။

- အမျိုးသားများနှင့် ယောက်ျားလေးများသည် မျှတစွာဆက်ဆံရန် အားပေးတိုက်တွန်းခြင်း မခံရပါက အမျိုးသမီး များနှင့် မိန်းကလေးများကို လေးစားသမှု နည်းပါးကြသည်။
- အမျိုးသမီးများနှင့် မိန်းကလေးများသည် အမျိုးသမီးဖြစ်သောကြောင့် မတူညီစွာ ဆက်ဆံခံရခြင်းနှင့် နေသားကျ ကာ တွေ့ကြုံနေရသော အကြမ်းဖက်မှုများကို နားလည်သဘောပေါက်မှု နည်းပါးကြသည်။
- ကျားမရေးရာ စံသတ်မှတ်ချက်များ၏ရလဒ်အဖြစ် အမျိုးသမီးများနှင့် မိန်းကလေးများသည် သူတို့လူမှုအသိုင်း အဝိုင်းတွင် နိမ့်ကျသော နေရာတွင်ရှိနေသည်။ ထိုသို့ရှိနေခြင်းသည် အမျိုးသားများကို သူတို့တွင် ရှိနေသော လုပ်ပိုင်ခွင့်များ အသုံးပြု၍ အကြမ်းဖက်မှု ပြုလုပ်ခြင်း မြင့်တက်လာစေနိုင်သည်။

| |
|---|
| • ကျားမရေးရာ တန်းတူညီမျှမှု မရှိခြင်းသည် အမျိုးသမီးများကို အကြမ်းဖက်မှုမှ ကာကွယ်ရန်အတွက် အရင်းအမြစ်ရယူမှု ကို ပိုမိုခက်ခဲစေသည်။<br>• ကျားမရေးရာ တန်းတူညီမျှမှု မရှိခြင်းသည် အမျိုးသမီးများကို သူတို့၏ အိမ်နှင့် အသိုင်းအဝိုင်းတွင် လုပ်ပိုင်ခွင့် ရယူရန် တားဆီးနေကြသည်။ ထို့ကြောင့် အကြမ်းဖက်မှုများ ဖြစ်ပေါ်နေခြင်းကို ရပ်တန့်မှုသို့မဟုတ် ကာကွယ်မှုများ ပြုလုပ်ရမည်။ |

**Closing Activity (5 mins)**
**အပိတ်လှုပ်ရှားမှု (၅ မိနစ်)**
To close this activity, ask the following questions:
**ဤလှုပ်ရှားမှုကို အဆုံးသတ်ရန် အောက်ပါမေးခွန်းများကို မေးပါ။**

- ➢ Do you agree with the Commission's decision?
- ➢ ကော်မရှင်၏ ဆုံးဖြတ်ချက်ကို သဘောတူပါသလား
- ➢ If you do not agree with the Commission's decision, what is your reasoning?
- ➢ အကယ်၍ ကော်မရှင်၏ ဆုံးဖြတ်ချက်ကို သဘောမတူပါက သင်၏ အကြောင်းပြချက်မှာ အဘယ်နည်း။
- ➢ What rule of law principles did participants use, or could they have used in PRES?
- ➢ သင်တန်းသူ၊သားများသည် မည်သည့် တရားဥပဒေစိုးမိုးရေး မူဝါဒများကို PRES တွင် အသုံးပြုခဲ့နိုင်ပါသနည်း။
- ➢ What rule of law principles did the Commission, or could the Commission have used in its decision?
- ➢ ကော်မရှင်သည် ဆုံးဖြတ်ချက် ချမှတ်ရာတွင် မည်သည့် တရားဥပဒေစိုးမိုးရေး မူဝါဒများကို အသုံးပြုခဲ့နိုင်ပါသနည်း။

| ACTIVITY 2: DIFFERENT PERSPECTIVES ON THE LINK BETWEEN GENDER INEQUALITY AND VIOLENCE | (25 mins) |
|---|---|
| **လှုပ်ရှားမှု ၂ - ကျားမရေးရာ တန်းတူညီမျှမှုမရှိခြင်းနှင့် အကြမ်းဖက်မှုကြားရှိ ချိတ်ဆက်မှုကို မတူညီသော ရှုထောင့်မှ ရှုမြင်ခြင်း။** | **(၂၅ မိနစ်)** |
| **Purpose of Activity:** To examine the link between gender inequality and violence from different perspectives.<br>**လှုပ်ရှားမှု၏ ရည်ရွယ်ချက်** - ကျားမရေးရာ တန်းတူညီမျှမှု မရှိခြင်းနှင့် အကြမ်းဖက်မှုများကြားတွင် ရှိသော ချိတ်ဆက်မှုကို မတူညီသော ရှုထောင့်မှ ဆန်းစစ်ခြင်း။<br><br>**Methodology:** Jigsaw<br>**သင်ကြားရေးနည်းစနစ် -** Jigsaw<br><br>**Materials:** Colored Stickers<br>**သင်ထောက်ကူ ပစ္စည်းများ -** အရောင်စတစ်ကာများ၊<br><br>**Handouts:** 2.1.1 Gender Discrimination and Violence<br>2.1.2 Gender Discrimination and Violence<br>2.1.3 Gender Discrimination and Violence<br>2.1.4 Gender Discrimination and Violence<br>**ဝေငှစာရွက်များ -** ၂.၁.၁ ကျားမရေးရာ ခွဲခြားဆက်ဆံခြင်း နှင့် အကြမ်းဖက်ခြင်း<br>၂.၁.၂ ကျားမရေးရာ ခွဲခြားဆက်ဆံခြင်း နှင့် အကြမ်းဖက်ခြင်း<br>၂.၁.၃ ကျားမရေးရာ ခွဲခြားဆက်ဆံခြင်း နှင့် အကြမ်းဖက်ခြင်း<br>၂.၁.၄ ကျားမရေးရာ ခွဲခြားဆက်ဆံခြင်း နှင့် အကြမ်းဖက်ခြင်း | |

**Instructions**

**ညွှန်ကြားချက်များ**

- Tell participants that they will build on the previous activity by examining different perspectives on the relationship or link between gender inequality and violence.
- သင်တန်းသူ၊သားများကို ယခင်လှုပ်ရှားမှုမှ ဆက်သွယ်ဆက်ဆံမှုတွင် မတူညီသောရှုထောင့် (သို့) ကျားမရေးရာ တန်းတူညီမျှမှု မရှိခြင်းနှင့် အကြမ်းဖက်မှု ကြားတွင်ရှိသော ချိတ်ဆက်မှုကို ဆန်းစစ်သွားမည်ဖြစ်ကြောင်း ပြောပါ။
- Explain the methodology in this activity: each handout will be studied by a group who will become 'experts,' and then an 'expert' from each group will join experts from every other group to teach each other about their handout.
- ဤလှုပ်ရှားမှုတွင်သုံးမည့် သင်ကြားနည်းစနစ်ကို ရှင်းပြပါ။ ဝေငှစာရွက်တခုချင်းစီကို အဖွဲ့တစ်ဖွဲ့ချင်းမှ လေ့လာသွားမည် ဖြစ်သည်။ ထိုအဖွဲ့တွင်းမှသူများသည် ကျွမ်းကျင်သူများဖြစ်လာကာ အခြားအဖွဲ့မှကျွမ်းကျင်သူများနှင့် သွားရောက်ချိတ်ဆက်၍ သူတို့၏ဝေငှစာရွက်များကို အဖွဲ့တိုင်းကို ပြန်လည်သင်ကြားသွားပေးရမည် ဖြစ်သည်။
- Divide participants into four groups (see NOTE TO FACILITATORS below). Give each group a different handout and give the following instructions:
- သင်တန်းသူ၊သားများကို အဖွဲ့ (၄) ဖွဲ့ခွဲပါ။ အောက်တွင်ပါရှိသော သင်တန်းနည်းပြများ၏ မှတ်စုကိုကြည့်ပါ။ အဖွဲ့တစ်ဖွဲ့ချင်းစီကို မတူညီသော ဝေငှစာရွက်များပေး၍ အောက်ပါ ညွှန်ကြားချက်များကိုပေးပါ။
    - Study the handout.
    - ဝေငှစာရွက်များကို လေ့လာပါ။
    - Discuss how you will teach these important points in the handout you have studied. (10 mins)
    - မိမိသင်ယူလေ့လာခဲ့တဲ့ သင်ယူခဲ့သည့် အရေးကြီးသည့် မည်သည့်အချက်များကို ပြန်လည်သင်ကြားပေးမည်ကို ဆွေးနွေးတိုင်ပင်ပါ။ ( ၁၀ မိနစ် )
- Towards the end of the discussion time, give each person in each group a different colour and enough copies of their document to give out to people in their subsequent 'teaching' group. After their group discussion, ask participants to re-group according to their colour, bringing copies of their document with them to distribute to members of their new group.
- ဆွေးနွေးပွဲ ပြီးဆုံးခါနီးတွင် အဖွဲ့တစ်ခုချင်းမှ အဖွဲ့ဝင်တိုင်းကို မတူညီသော အရောင်များကိုပေးပါ။ ထို့နောက် အခြားအဖွဲ့မှ အဖွဲ့ဝင်များကို ပြန်လည်သင်ကြားရာတွင် လိုအပ်သည့်ဝေငှစာရွက် မိတ္တူများကိုလည်း အလုံအလောက်ပေးပါ။ အဖွဲ့အတွင်း တွင် ဆွေးနွေးမှု ပြီးသည့်နောက်တွင် သင်တန်းသူ၊သားများကို သူတို့ရရှိထားသည့် အရောင်အလိုက် အုပ်စု ပြန်ဖွဲ့စေ၍ အဖွဲ့အသစ်မှအဖွဲ့ဝင်များကို ပြန်လည်သင်ကြားရန် ဝေငှစာရွက် မိတ္တူများကို တပါတည်း ယူသွားခိုင်းပါ။
- Participants now have 10 minutes to teach the other members of their new groups about the key points in their documents. (2 minutes per document)
- သင်တန်းသူ၊သားများကို အခြားအဖွဲ့မှ အဖွဲ့ဝင်များကို စာတမ်းထဲမှ အဓိက အချက်များကို ပြန်လည် သင်ကြားပေးရန် (၁၀) မိနစ် အချိန်ရပါသည်။ (စာတမ်းတစ်ခုကို ၂ မိနစ်)

**Notes to facilitators**

**သင်တန်းနည်းပြများအတွက် မှတ်စုများ**

The Jigsaw activity requires facilitators to divide the participants up into two sets of groups:

(1) The initial 'expert' groups – the number of groups should reflect the number of documents to be studied;

(2) The subsequent 'teaching' groups are made up of experts from each group – where the number of participants in each group reflect the number of initial groups.

ဂျစ်ဆောလှုပ်ရှားမှုတွင် သင်တန်းနည်းပြများမှ သင်တန်းသူ၊သားများအား အဖွဲ့နှစ်ဖွဲ့ခွဲပေးရန် လိုအပ်သည်။

(၁) နဂို ပထမကျွမ်းကျင်သူများအဖွဲ့- လေ့လာရမည့် စာတမ်းအရေအတွက်အပေါ် မူတည်၍ အဖွဲ့အရေအတွက်ကို ခွဲပေးရန်။

(၂) အဖွဲ့တစ်စုစီမှ ကျွမ်းကျင်သူများဖြင့် အချင်းချင်းသင်ကြားပေးရန် အဖွဲ့များ ထပ်ဖွဲ့ပါမည်။ ထိုသို့ဖွဲ့ရာတွင် ပထမနဂိုက ဖွဲ့ထားသော အဖွဲ့တွင် ရှိသော လူဦးရေ အရေအတွက် အလိုက် အဖွဲ့ ဖွဲ့ပေးရပါမည်။

For the Jigsaw activity to work, facilitators must plan how they will divide the participants into groups at the beginning of the session. The number of documents to be studied and number of people per group will depend on the overall number of participants. Here are some examples to guide the facilitators in forming groups for each stage: (1) becoming experts; and (2) groups containing one expert about each document:

- 20 participants: (1) 5 groups of 4 participants; (2) 4 groups of 5 participants.
- 16 participants: (1) 4 groups of 4 participants; (2) 4 groups of 4 participants.
- 12 participants: (1) 4 groups of 3 participants; (2) 3 groups of 4 participants.
- 17-19 participants: (1) 4 groups of 4 with an additional person in each group; (2) 4 groups of 4 with an additional person in each group.

ဂျစ်ဆောလှုပ်ရှားမှုအတွက် သင်တန်းနည်းပြများသည် သင်တန်းသူ၊သားများအား မည်သို့အဖွဲ့ဖွဲ့မည်ကို အစီအစဉ် မစခင်က တည်းက စီစဉ်ထားရမည်။ စာတမ်းမည်မျှကို လေ့လာသွားမည်နှင့် အဖွဲ့တဖွဲ့တွင် လူဦးရေမည်မျှ ထားရှိမည်ဆိုသည်မှာ တက်ရောက်သော သင်တန်းသူ၊သားအားလုံး၏ အရေအတွက်အပေါ်တွင် မူတည်သည်။ သင်တန်းနည်းပြများအား အဆင့် တဆင့်စီအတွက် မည်သို့အုပ်စုဖွဲ့ရမည်ကို အောက်ဖော်ပြပါ ဥပမာများမှ ညွှန်ပြပေးပါမည်။

(၁)ပထမဆုံး ကျွမ်းကျင်သူများ ဖြစ်လာသည်။

(၂)စာတမ်းတခုစီနှင့် သက်ဆိုင်သော ကျွမ်းကျင်သူတဦးစီဖြင့် ဖွဲ့စည်းထားသော အုပ်စုများ။

သင်တန်းသား အယောက် ၂၀ ရှိလျှင် (၁) သင်တန်းသား ၄ ယောက်စီပါသော အုပ်စု ၅ စု (၂) သင်တန်းသား ၅ ယောက်စီ ပါသော အုပ်စု ၄ စု။

သင်တန်းသား ၁၆ ယောက် ရှိလျှင် (၁) သင်တန်းသား ၄ ယောက်စီပါသော အုပ်စု ၄ စု (၂) သင်တန်းသား ၄ ယောက်စီ ပါသော အုပ်စု ၄ စု။

သင်တန်းသား ၁၂ ယောက်ရှိလျှင် (၁) သင်တန်းသား ၃ ယောက်စီပါသော အုပ်စု ၄ စု (၂) သင်တန်းသား ၄ ယောက်စီ ပါသော အုပ်စု ၃ စု။

သင်တန်းသား ၁၇ - ၁၉ ယောက်ရှိလျှင် (၁) သင်တန်းသား ၄ ယောက်စီပါသော အုပ်စု ၄ စု (သို့သော် အုပ်စုတစုတွင် တယောက်ပိုထည့်လိုက်ပါ။) (၂) သင်တန်းသား ၄ ယောက်စီပါသော အုပ်စု ၄ စု (သို့သော် အုပ်စုတစုတွင် တယောက်ပို ထည့်လိုက်ပါ။)

In order to make the divisions quick and easy for facilitators and participants, the following system is recommended.

(1) Divide participants into initial groups by counting off (1, 2, 3, 4...), and then ask participants to group together by number given to them;

(2) Divide participants into second groupings by giving each member of each initial group a different colored strip (using as many colors as groups planned for the second grouping) – then asking participants to group together with members of other groups that possess the same color they do.

သင်တန်းနည်းပြများနှင့် သင်တန်းသူ၊သားများ အုပ်စုခွဲကြရတွင် ပိုမိုလွယ်ကူ၍ မြန်ဆန်စေရန် အောက်ပါ အကြံပြုချက်များ ကို ပေးထားသည်။

(၁) ပထမအုပ်စုခွဲရာတွင် (၁၊ ၂၊ ၃၊ ၄၊ ...) စသဖြင့် ခေါ်၍ ခွဲပါ။ ပြီးလျှင် နံပါတ်တူသူ အချင်းချင်းတွဲ ၍ အုပ်စုဖွဲ့ကာ နေခိုင်းပါ။

(၂) ဒုတိယတကြိမ်အုပ်စုခွဲရာတွင် ပထမအုပ်စုတွင်ရှိသောသူများအား မတူညီသော စက္ကူအရောင်များပေး၍ ခွဲပါ။ (ဒုတိယ အုပ်စုခွဲလိုသော အရေအတွက်အလိုက် ရောင်စုံစက္ကူများကို အသုံးပြုနိုင်သည်။) ပြီးလျှင် သင်တန်းသူ၊သားများအား ၄င်း တို့ရရှိထားသော အရောင်အလိုက် အရောင်တူသူချင်း အုပ်စုခွဲခိုင်းပါ။

**Closing Activity (5 mins)**

**အပိတ်လှုပ်ရှားမှု (၅ မိနစ်)**

Tell participants to put handouts down. Then ask for one person to summarize what they learned about a handout that was not their handout.

သင်တန်းသူ၊သားများကို ဝေငှစာရွက်များကို ချရန် ပြောပါ။ သင်တန်းသူ၊သား တဦးကို မိမိ၏ဝေငှစာရွက်မှ မဟုတ်ဘဲ အခြား ဝေငှစာရွက်တွင် လေ့လာခဲ့သော အကြောင်းအရာတစ်ခုကို အနှစ်ချုပ်ပြောပြခိုင်းပါ။

Then ask the following questions:
ထို့နောက် အောက်ပါမေးခွန်းများကို မေးပါ။

- What perspective did they find most interesting?
- မည်သည့် အမြင်ရှုထောင့်သည် မိမိတို့အဖို့ စိတ်အဝင်စားဆုံး ဖြစ်ခဲ့သနည်း။
- What perspective do they think is most relevant in the Myanmar context?
- မည်သည့် အမြင်ရှုထောင့်သည် မြန်မာနိုင်ငံ အခြေအနေနှင့် အသင့်လျော်ဆုံးဖြစ်သည်ဟု ထင်သနည်း။
- What rule of law principles are related to these theories?
- မည်သည့် တရားဥပဒေစိုးမိုးရေး မူဝါဒများသည် ဤသီအိုရီများနှင့် စပ်ဆိုင်မှု ရှိပါသနည်း။

| ACTIVITY 3: GENDER NORMS AND VIOLENCE AGAINST THE LGBT COMMUNITY | (20 mins) |
|---|---|
| **လှုပ်ရှားမှု ၃ - ကျား-မရေးရာ စံသတ်မှတ်ချက်များနှင့် LGBT များအပေါ် အကြမ်းဖက်မှု** | **(၂၀ မိနစ်)** |
| **Purpose of Activity:** To examine gender stereotypes and the impact on violence against the LGBT community.<br>**လှုပ်ရှားမှု၏ ရည်ရွယ်ချက်** - ကျားမရေးရာ တရားသေမှတ်ယူခြင်းများနှင့် LGBT အသိုင်းအဝိုင်းအပေါ် အကြမ်းဖက်ခြင်း၏ အကျိုးသက်ရောက်မှုများကို ဆန်းစစ်ရန်<br><br>**Methodology:** Small group discussion<br>**သင်ကြားရေးနည်းစနစ် -** အုပ်စုငယ်လေးများဖြင့် ဆွေးနွေးခြင်း<br><br>**Materials:** None.<br>**သင်ထောက်ကူပစ္စည်းများ -** မရှိပါ<br><br>**Handouts:** 2.1.5 Fact Scenario<br>**ဝေငှစာရွက်များ** - ၂.၁.၅ ဖြစ်ရပ် ဇာတ်ညွှန်း | |

**Instructions**

**ညွှန်ကြားချက်များ**

- Ask participants to quickly form small groups.
- သင်တန်းသူ/သားများကို အဖွဲ့ငယ်များ လျင်မြန်စွာ ဖွဲ့ခိုင်းပါ။
- Tell participants that so far in the course they have focused on violence against women. Now they are going to examine violence against the LGBT community and how it is influenced by gender stereotypes and norms.
- သင်တန်းသူ/သားများကို ဤသင်ခန်းစာတွင်အမျိုးသမီးများ အပေါ်အကြမ်းဖက်မှုအကြောင်း အဓိကထားဆွေးနွေးလာခဲ့ပြီးဖြစ်ကြောင်း ပြောပြပါ။ ယခုအခါတွင်မိမိတို့အနေဖြင့် LGBT အသိုင်းအဝိုင်းအပေါ် အကြမ်းဖက်မှု အကြောင်းဆန်းစစ်လေ့လာကြ မည်ဖြစ်ကြောင်းနှင့် ထိုသို့အကြမ်းဖက်မှုပြုရခြင်းကို ကျား-မရေးရာ တရားသေမှတ်ယူခြင်းနှင့်ကျား-မရေးရာစံ သတ်မှတ်ချက်များက မည်သို့လွှမ်းမိုးသက်ရောက်မှု ရှိနေကြောင်းကိုလည်း ဆန်းစစ်လေ့လာကြမည် ဖြစ်ကြောင်း ပြောပြပါ။
- Give each participant a copy of the Handout 2.1.5. Ask participants to discuss the case scenario and discuss how gender stereotypes are linked to the violence described in the case. (10 mins)
- သင်တန်းသူ/သားတဦးချင်းစီကို ဝေငှစာရွက် ၂.၁.၅ ကိုဝေပေးပါ။ သင်တန်းသူ/သားများကို ထိုဖြစ်ရပ်ဇာတ်ညွှန်း အကြောင်း ဆွေးနွေးခိုင်းပြီးကျားမရေးရာ ရှေးရိုးစွဲတရားသေမှတ်ယူခြင်းများကဤဖြစ်ရပ်ဇာတ်ညွှန်းတွင် ဖော်ပြထားသော အကြမ်းဖက် မှုနှင့်မည်သို့ချိတ်ဆက်နေသည်ကိုလည်း ဆွေးနွေးခိုင်းပါ။ (၁၀ မိနစ်)
- Each group will have (1) minute to present.
- ပြန်တင်ပြချိန် တစ်ဖွဲ့ကို တစ်မိနစ်ရမည်။

**Closing Activity (5 mins)**
**အပိတ်လှုပ်ရှားမှု (၅ မိနစ်)**

Then ask the following questions.
အောက်ပါမေးခွန်းများကို မေးပါ။

- What stereotypes are shown in the scenario?
- ဇာတ်ညွှန်းတွင် မည်သည့် တရားသေမှတ်ယူခြင်းများကို ပြသထားသနည်း။
- How are these stereotypes linked to the violence in this case?
- ဤကိစ္စတွင် ကျားမရေးရာ တရားသေမှတ်ယူခြင်းများနှင့် အကြမ်းဖက်မှုကို မည်ကဲ့သို့ ချိတ်ဆက်ခဲ့သနည်း။
- How is violence used in this case to reinforce gender stereotypes?
- ဤကိစ္စ၌ ကျားမရေးရာ တရားသေမှတ်ယူခြင်းများကို အားပေးခိုင်မာစေရန် အကြမ်းဖက်မှုများကို မည်သို့ အသုံးပြုခဲ့သနည်း။
- What rule of law principles could be applied to this case scenario?
- ဤဖြစ်ရပ်ဇာတ်ညွှန်း၌ မည်သည့် တရားဥပဒေစိုးမိုးရေး မူဝါဒကို အသုံးချ၍ ရနိုင်ပါသနည်း။

| SUMMARY AND EVALUATION | (5 mins) |
|---|---|
| **အကျဉ်းချုပ်ခြင်းနှင့် သုံးသပ်မှု** | **( ၅ မိနစ်)** |

Ask participants the following questions.
သင်တန်းသူ၊သားများကို အောက်ပါမေးခွန်းများကို မေးပါ။

- How do gender inequalities increase the risk of violence against women and girls?
- ကျားမရေးရာ တန်းတူညီမျှမှုမရှိခြင်းသည် အမျိုးသမီးများနှင့် မိန်းကလေးများတွင် မည်ကဲ့သို့သော အကြမ်းဖက်မှု အန္တရာယ် တိုးမြင့်စေနိုင်သနည်း။
- What perspectives or ideas did we discuss about the link between gender inequality and violence?
- ကျွန်ုပ်တို့သည် ကျားမရေးရာတန်းတူညီမျှမှုမရှိခြင်းနှင့် အကြမ်းဖက်မှုတို့ကြားတွင်ရှိသော ချိတ်ဆက်မှုကိုမည်သည့် အတွေးအခေါ် အယူအဆရှုထောင့်မှ ဆွေးနွေးခဲ့သနည်း။
- How can you explain the link between gender stereotypes and violence against the LGBT community?
- ကျားမရေးရာ တရားသေမှတ်ယူခြင်းများနှင့် LGBT အသိုင်းအဝိုင်းအပေါ် အကြမ်းဖက်မှုများ၏ ချိတ်ဆက်မှုကို မည်ကဲ့သို့ ရှင်းပြနိုင်မည်နည်း။
- What rule of law principles are linked to gender inequality and violence?
- မည်သည့် တရားဥပဒေစိုးမိုးရေး မူဝါဒများနှင့် ကျားမရေးရာတန်းတူညီမျှမရှိမှုနှင့် အကြမ်းဖက်မှုများအားချိတ်ဆက်၍ ရနိုင်ပါသနည်း။

## Handout 2.1.1: Gender Discrimination and Violence
## ဝေငှစာရွက် (၂.၁.၁) - ကျားမရေးရာ ခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်ခြင်း

Gender roles, norms, and expectations are ideas that have been created and accepted by the people in a society and can lead to the acceptance and justification of violence against women and girls. In many communities, men and boys are expected to play the role of tough and violent males. Women and girls are expected to be passive and submissive. In some cultures, it is acceptable for a man to beat his wife.[1]

လူ့အဖွဲ့အစည်းထဲရှိ လူများ ဖန်တီး၊ လက်ခံထားသော ကျားမရေးရာ အခန်းကဏ္ဍများ၊ စံသတ်မှတ်ချက်များနှင့် မျှော်မှန်းချက်များသည် အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှုပြုခြင်းအား လက်သင့်ခံစေပြီး ထိုသို့လက်ခံရန်နိုင်လုံသောအကြောင်းပြချက်ကို ဖြစ်ပေါ်စေသည့် တွေးခေါ်ယူဆချက်များပင် ဖြစ်ကြသည်။ လူမှုအသိုင်းအဝိုင်းတော်တော်များများတွင် အမျိုးသားများနှင့် ယောကျ်ားလေးများကို ခက်ထန်ကာ ကြမ်းတမ်းသောသူများ ဖြစ်စေချင်သည်။ အမျိုးသမီးများနှင့် မိန်းကလေးများကို ပြုသမျှပြန်လည် မတုံ့ပြန်သူ၊ နိမ့်ချကျိုးနိမ်သော သူများဖြစ်စေချင်ကြသည်။ အချို့ယဉ်ကျေးမှုများတွင် ယောကျ်ားတယောက်မှ သူ့၏ ဇနီးမယားကို ရိုက်နက်ခြင်းသည် လက်ခံဖွယ်ရာ ဖြစ်သည်ဟု၍ လက်ခံထားကြသည်။

[1] From an Introduction to Gender Equality. World Associaiton of Girl Guides and Girl Scouts. UN Women.

# Handout 2.1.2: Gender Discrimination and Violence
# ဝေငှစာရွက် (၂.၁.၂) - ကျားမဆိုင်ရာ ခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်ခြင်း

Gender inequality and discrimination against women and girls reinforce unequal power relations between women and men. When women and girls are given a low position in their relationships, communities, and society their risk of experiencing violence is increased as boys and men may enforce their power over women through physical, sexual, emotional and economic violence. When women and girls have a lower status, they are seen as less powerful and therefore less deserving of respect. Men and boys feel that they have a higher status than women and girls and can treat them violently or with disrespect.[1]

အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် ကျားမရေးရာ တန်းတူညီမျှမှုမရှိခြင်းနှင့် ခွဲခြားဆက်ဆံခြင်းမှု ပြုခြင်းများသည် အမျိုးသားများနှင့် အမျိုးသမီးများအကြား မျှတမှုမရှိသော လုပ်ပိုင်ခွင့်အင်အား ဆက်နွယ်မှု (power relations) များကို အားကောင်းခိုင်မြဲစေသည်။ အမျိုးသမီးများနှင့် မိန်းကလေးများအား ၎င်းတို့ဆက်နွယ်နေသော ပတ်သက်ဆက်နွယ်မှုများ၊ လူမှုအသိုင်းအဝိုင်းများနှင့် လူ့အဖွဲ့အစည်း၌ နိမ့်ကျသော ရပ်တည်ချက်အနေအထား၌ ထားရှိပါက၊ ၎င်းတို့အနေဖြင့် အကြမ်းဖက်ခံရမှု အန္တရာယ်သို့ ပိုမိုကျရောက်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ယောကျ်ားလေးများနှင့် အမျိုးသားများက ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ၊ စိတ်ခံစားမှုပိုင်းဆိုင်ရာ နှင့် စီးပွားရေးဆိုင်ရာ အကြမ်းဖက်မှုများကို ပြုခြင်းဖြင့် အမျိုးသမီးများအပေါ် မိမိတို့၏ လုပ်ပိုင်ခွင့် အင်အားကို အတင်းအကျပ် အသုံးပြုလာနိုင်သောကြောင့်ပင် ဖြစ်သည်။ အမျိုးသမီးများနှင့် မိန်းကလေးများသည် နိမ့်ကျသော အဆင့်အခြေအနေတွင် ရှိနေသောကြောင့် အာဏာမရှိပဲ လေးစားခံရမှုနည်းပါးကြသည်။ အမျိုးသားများနှင့် ယောကျ်ားလေးများသည် အမျိုးသမီးများနှင့် မိန်းကလေးများထက် ပိုမိုမြင့်မားသော အဆင့်အခြေအနေတွင် ရှိသည်ဟု ထင်မှတ်ကာ အမျိုးသမီးများနှင့် မိန်းကလေးများကို ကြမ်းတမ်းစွာ (သို့မဟုတ်) လေးစားမှုမရှိပဲ ဆက်ဆံကြသည်။

[1] From an Introduction to Gender Equality. World Associaiton of Girl Guides and Girl Scouts. UN Women.

# Handout 2.1.3: Gender Discrimination and Violence
# ဝေငှစာရွက် (၂.၁.၃) - ကျားမရေးရာ ခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်ခြင်း

Children and young people are pressured to live up to gender norms, roles and expectations. They can be punished by their parents, friends, communities, and institutions when they do not conform. Women and girls often experience violence when they do not conform to traditional roles. Men and boys also experience violence when they do not conform to established ideas about masculinity. For example, men who act in a manner that is perceived as “feminine” may suffer harassment, bullying, and violence from other men. Young boys who display fear may be accused of acting “like a girl”.[1]

ကလေးသူငယ်များနှင့် လူငယ်များသည် ကျားမရေးရာ စံသတ်မှတ်ချက်များ၊ အခန်းကဏ္ဍများနှင့် မျှော်မှန်းချက်များတို့နှင့်လျော်ညီအောင် နေထိုင်ရန် ဖိအားပေးခံကြရသည်။ သူတို့အနေဖြင့် ထိုကဲ့သို့ လိုက်လျောညီထွေစွာ မနေထိုင်၊ မပြုမူနိုင်ပါက သူတို့၏ မိဘများ၊ သူငယ်ချင်းများ၊ အသိုင်းအဝိုင်းများ နှင့် အဖွဲ့အစည်းများ၏ အပြစ်ပေးမှုများခံရနိုင်ပါသည်။ အမျိုးသမီးများနှင့် မိန်းကလေးများသည် သူတို့၏ ရိုးရာယဉ်ကျေးမှုဆိုင်ရာ အခန်းကဏ္ဍများ နှင့် အညီ လိုက်လျောညီထွေစွာ နေထိုင်ပြုမူမှု မရှိပါက အကြမ်းဖက်မှုကို မကြာခဏ တွေ့ကြုံကြရပါသည်။ အမျိုးသားများနှင့် ယောကျ်ားလေးများသည်လည်း ဖော်ပြသတ်မှတ်ထားသော ယောကျ်ားပီသသည့် ပုံစံများနှင့် လိုက်လျောညီထွေစွာ နေထိုင်ပြုမူမှု မရှိပါက အကြမ်းဖက်မှုများကို တွေ့ကြုံရပါသည်။ ဥပမာ- အမျိုးသားများသည် “မိန်းမဆန်သော” အပြုအမူအတိုင်း ပြုမူနေထိုင်ပါက အခြားယောကျ်ားသားများ၏ ထိပါးနှောင့်ယှက်မှု၊ အနိုင်ကျင့်မှု နှင့် အကြမ်းဖက်မှုများ ပြုလုပ်ခြင်းကို ခံရတတ်ပါသည်။ ကြောက်တတ်သော ယောကျ်ားငယ်လေးများကိုလည်း “မိန်းကလေး ကျနေတာပဲ” ဟု စွပ်စွဲပြောဆိုကြလေ့ရှိသည်။

[1] From an Introduction to Gender Equality. World Associaiton of Girl Guides and Girl Scouts. UN Women.

## Handout 2.1.4: Gender Discrimination and Violence
## ဝေငှစာရွက် (၂.၁.၄) - ကျားမရေးရာ ခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်ခြင်း

Gender inequality views heterosexual relationships as normal and acceptable. Romantic relationships between people of the same sex are seen as abnormal and unacceptable because they do not conform to cultural notions of gender and gender roles. This results in marginalization or discriminatory treatment of persons in the lesbian, gay, bisexual, and transgender (LGBT) communities. This discriminatory treatment often involves violence.[1]

ကျားမရေးရာ တန်းတူညီမျှမှု မရှိခြင်းသည် ဆန့်ကျင်ဘက်လိင်အား နှစ်သက်ဆက်ဆံမှုများကို ပုံစံကျ လက်ခံနိုင်ဖွယ်ရာ နှစ်သက်ဆက်ဆံမှုအဖြစ် ရှုမြင်သည်။ လိင်တူချင်းနှစ်သက် ဆက်ဆံသူများကြားရှိ ဆွတ်ပျံ့ကြည်နူးဖွယ်ကောင်းသော ဆက်ဆံမှုများကို ကျား-မရေးရာနှင့် ကျား-မရေးရာ အခန်းကဏ္ဍများဆိုင်ရာ ယဉ်ကျေးမှု အယူအဆများနှင့် လိုက်လျော ညီထွေမှု မရှိသောကြောင့် ပုံမှန်မဟုတ်သောအရာ၊ လက်မခံနိုင်သောအရာ အဖြစ် ရှုမြင်ကြသည်။ ဤသို့ ရှုမြင်ခြင်းသည် (LGBT)ခေါ် လိင်တူချစ်သူအမျိုးသမီး၊ လိင်တူချစ်သူအမျိုးသား၊ လိင်နှစ်မျိုးလုံးကိုချစ်သောသူ၊ နှင့် လိင်ပြောင်းထားသော အသိုင်းအဝိုင်းတွင်ရှိသော သူများကို ကျဉ်ဖယ်သော သို့မဟုတ် ခွဲခြားဆက်ဆံသော ပြုမူဆက်ဆံခြင်း အကျိုးဆက်ကိုဖြစ်ပေါ်စေသည်။ ထိုကဲ့သို့ ခွဲခြား၍ ပြုမူဆက်ဆံရာတွင် အကြမ်းဖက်မှု မကြာခဏ ပါဝင်လာလေ့ရှိသည်။

[1] From an Introduction to Gender Equality. World Associaiton of Girl Guides and Girl Scouts. UN Women.

# Handout 2.1.5: Fact Scenario
# ဝေငှစာရွက် (၂.၁.၅) - ဇာတ်ညွှန်း

Ma Khine and Ma Aung have been living as a married couple for 15 years. Ma Aung is rather muscular in appearance, has short hair, and often wears a longyi with a traditionally "male" pattern. Ma Khine is smaller in stature, has long hair, and wears more traditionally female longyis. When Ma Khine and Ma Aung are walking together to and from work they often receive verbal harassment from the drivers at the taxi stand. The drivers call Ma Khine and Ma Aung derogatory names. The drivers also like to provoke Ma Aung by calling out sexual remarks to Ma Khine. Often this will incite Ma Aung to threaten the drivers with violence. On some occasions, Ma Aung has brandished a stick at the drivers threatening to strike them for making sexual comments. One evening, Ma Aung is delayed in returning home from work. She is walking alone in the dark when she is attacked by three men. The men punch Ma Aung in the face and knock her to the ground. Fortunately, a neighbor hears shouting and opens his gate causing the attackers to run away. Ma Aung is upset and bruised.

- How are gender stereotypes and gender discrimination linked to the violence in this case?
- What perspectives or theories about the link between violence and gender discrimination from the previous section are helpful in understanding this fact scenario?

မခိုင်နှင့် မအောင်သည် လက်ထပ်ထားသကဲ့သို့ အတူနေထိုင်သော စုံတွဲအဖြစ် နေထိုင်လာတာ (၁၅) နှစ်ရှိပြီဖြစ်သည်။ မအောင်သည် သန်မာသော အသွင်အပြင်ရှိပြီး ဆံပင်တိုနှင့် ဖြစ်သည်။ မအောင်သည် လုံချည်ကို အမျိုးသားကဲ့သို့ ဝတ်ဆင်လေ့ရှိသည်။ မခိုင်နှင့် မအောင် အတူလမ်းလျှောက်သွားလာပါက တက္ကစီတန်းမှ ယာဉ်မောင်းသူများသည် သူတို့ကို မကြာခဏ နှုတ်အားဖြင့်စော်ကားမှု ပြုလေ့ရှိသည်။ ယာဉ်မောင်းများသည် မအောင်နှင့် မခိုင်ကို ရှက်ဖွယ်ကောင်းသော အမည်နာမများပေးကာ ခေါ်ဆိုကြသည်။ ယာဉ်မောင်းများသည် မအောင်ကို မခိုင်နှင့် ပတ်သက်သော လိင်ပိုင်းဆိုင်ရာ မှတ်ချများ ပြောဆိုကာ ရန်စလေ့ရှိသည်။ ထိုအရာများသည် မအောင်ကို ယာဉ်မောင်းများအား အကြမ်းဖက်မှုနှင့် ခြိမ်းခြောက်ရန် တွန်းပို့လေ့ရှိသည်။ တချို့အချိန်များတွင် မအောင်သည် ထိုလိင်ပိုင်းဆိုင်ရာ မှတ်ချက်များကို တုတ်ချောင်းကိုင်၍ ထိုယာဉ်မောင်းများကို ခြိမ်းခြောက်ရသည်အထိ ဖြစ်ခဲ့ရသည်။ တညနေခင်းတွင် မအောင်အလုပ်မှ အိမ်သို့ ပြန်လာရာတွင် နောင့်နေးမှုများ ဖြစ်ခဲ့ရသည်။ သူမသည် အမှောင်ထဲတွင် တယောက်တည်း လမ်းလျှောက်ရာတွင် အမျိုးသား သုံးဦး၏ တိုက်ခိုက်မှုကို ခံရသည်။ ထိုအမျိုးသားများသည် မအောင်၏ မျက်နှာကို ထိုးလိုက်ကာ မြေကြီးပေါ်သို့ တွန်းလှဲလိုက်သည်။ ကံကောင်းထောက်မစွာဖြင့် အိမ်နီးချင်းများအော်သံကို ကြားလိုက်သောကြောင့် တံခါးကိုဆွဲဖွင့်လိုက်ချိန်တွင် ထို တိုက်ခိုက်သူများကို ထွက်ပြေးသွားစေသည်။ မအောင်သည် ဒဏ်ရာများနှင့် ကျန်ခဲ့ကာ ဝမ်းနည်းနေသည်။

- ဤကျားမဆိုင်ရာ ရှေးရိုးစွဲများနှင့် ကျားမဆိုင်ရာခွဲခြားဆက်ဆံမှုများသည် အကြမ်းဖက်မှုနှင့်မည်ကဲ့သို့ ချိတ်ဆက်သနည်း။
- ဤဇာတ်ညွှန်းအချက်အလက်သည် ယခင်အစီအစဉ်မှ နားလည်သဘောပေါက်ထားသော အကြမ်းဖက်မှုနှင့် ကျားမဆိုင်ရာ ခွဲခြားဆက်ဆံမှုပြုခြင်း၏ ကြားတွင်ရှိသော ချိတ်ဆက်မှုသည် မည်သည့်အမြင်နှင့် သီအိုရီဖြစ်သနည်း။

# Module 2.2: Defining SGBV and its Contributing Factors
# အစီအစဉ် (၂.၂) - လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအခြေပြု အကြမ်းဖက်မှု အဓိပ္ပါယ်သတ်မှတ်ခြင်းနှင့် ၎င်းကိုပံ့ပိုးဖြစ်ပွားစေသောအကြောင်းရင်းများ

**Purpose of Session:** To define SGBV and its contributing factors.
**အစီအစဉ်၏ရည်ရွယ်ချက်** - လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအခြေပြု အကြမ်းဖက်မှုကိုအဓိပ္ပါယ် သတ်မှတ်ရန် နှင့် ၎င်းကို ပံ့ပိုးဖြစ်ပွားစေသောအကြောင်းရင်းများကို အဓိပ္ပါယ်သတ်မှတ်ရန်။

**Outcomes, Skills and Methodologies**
**ရလဒ်များ၊ ကျွမ်းကျင်မှုများနှင့်သင်ကြားရေးနည်းစနစ်များ**

| Outcomes: | ရလဒ်များ |
|---|---|
| As a result of this session participants will be able to:<br>• Analyze the impact of Gender Stereotypes.<br>• Define SGBV.<br>• List the different forms of SGBV and the primary contributing factors. | ဤအစီအစဉ်မှသင်တန်းသူ၊သားတို့သည်အောက်ပါတို့ကိုလုပ်ဆောင်နိုင်ပါလိမ့်မည်။<br>• ကျားမရေးရာတရားသေမှတ်ယူခြင်း၏ အကျိုးဆက်ကိုရှုမြင်သုံးသပ်လာနိုင်မည်။<br>• လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအခြေပြု အကြမ်းဖက်မှုကိုအဓိပ္ပါယ် သတ်မှတ်ခြင်း။<br>• လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအခြေပြု အကြမ်းဖက်မှု မတူညီသည့်ပုံစံများနှင့်၎င်းကို အဓိကပံ့ပိုးဖြစ်ပွားစေသည့် အကြောင်းရင်းများကို စာရင်းပြုစုရန်။ |

| Skills: | ကျွမ်းကျင်မှုများ |
|---|---|
| In this session participants will practice the following skills:<br>• Brainstorming<br>• Analysis | ဤအစီအစဉ်တွင်သင်တန်းသူ၊သားများသည်အောက်ဖော်ပြပါ ကျွမ်းကျင်မှုများရရှိစေရန်လေ့ကျင့်ကြမည်။<br>• ကြိုတင်ကြံဆတွေးတောခြင်း<br>• ခွဲခြမ်းစိတ်ဖြာခြင်း |

| Methodologies: | သင်ကြားရေးနည်းစနစ်များ |
|---|---|
| In this session participants will practice the following training methodologies:<br>• Role play<br>• Group discussion<br>• Presentation | ဤအစီအစဉ်တွင်သင်တန်းသူ၊သားများသည်အောက်ဖော်ပြပါ သင်ကြားနည်းနည်းပညာများကိုလေ့ကျင့်ကြမည်။<br>• သရုပ်ဖော် တင်ဆက်ပြသခြင်း<br>• အုပ်စုဖြင့် ဆွေးနွေးခြင်း<br>• စီစဉ်တင်ဆက်ခြင်း |

**Rule of Law Principles**
**တရားဥပဒေစိုးမိုးရေး စည်းမျဉ်းများ**

| | |
|---|---|
| The following rule of law principles are relevant to this session:<br>• Equality<br>• Non-discrimination<br>• Human rights | ဤအခန်းသည် အောက်ပါ တရားဥပဒေစိုးမိုးရေး စည်းမျဉ်းများနှင့်စပ်ဆိုင်ပါသည်။<br>• တန်းတူညီမျှရှိခြင်း<br>• ခွဲခြားဆက်ဆံမှုမရှိခြင်း<br>• လူ့အခွင့်အရေးများ |

## Preparation
## ပြင်ဆင်ပုံ

| Materials: | သင်ထောက်ကူပစ္စည်းများ၊ |
|---|---|
| For this session you will need:<br>• Whiteboard/flip chart and markers<br>• A4 papers<br>• Handout 2.2.1 cut into strips | ဤအစီအစဉ်အတွက်သင်သည်အောက်ပါအရာများကိုလိုအပ်ပါလိမ့်မည်။<br>• သင်ပုန်း/စာရွက်ဖြူကြီး နှင့် မာကာများ<br>• A4 စာရွက်များ<br>• ဝေငှစာရွက် ၂.၂.၁ အရှည်လိုက် ဖြတ်ထားပါ |

| Handouts: | ဝေငှစာရွက်များ |
|---|---|
| In this session, participants will use:<br>• 2.2.1 Power Walk (Power Game)<br>• 2.2.2 Definition of SGBV<br>• 2.2.3 Factors that Contribute to SGBV | ဤအစီအစဉ်တွင်သင်တန်းသူ၊သင်တန်းသားများသည်အောက်ပါတို့ကိုအသုံးပြုရပါလိမ့်မည်။<br>• ၂.၂.၁ လုပ်ပိုင်ခွင့်အာဏာလမ်းလျှောက်ခြင်းအတွက်မေးခွန်းများ<br>• ၂.၂.၂ လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအခြေပြုအကြမ်းဖက်မှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက်<br>• ၂.၂.၃ လိင်ပိုင်းဆိုင်ရာနှင့် ကျားမဆိုင်ရာအခြေပြုအကြမ်းဖက်မှု ကိုထောက်ပံ့သောအချက်များ |

| OPEN SESSION | (5 mins) |
|---|---|
| အဖွင့်အစီအစဉ် | (၅ မိနစ်) |

Share session's purpose and relevant background. Write outcomes on flipchart paper and explain them. Discuss announcements and other concerns.

ဤအစီအစဉ်၏ ရည်ရွယ်ချက်နှင့် သင့်လျော်သော နောက်ခံအကြောင်းအရာကို မျှဝေပါ။အစီအစဉ်သင်ကြားရခြင်း၏ ရလဒ်များကို စာရွက်ဖြူကြီးပေါ်တွင် ရေးပါ။ ပြီးလျှင် ထိုအရာများကို ရှင်းပြပေးပါ။ တခြားသော အသိပေးပြောကြား စရာများရှိလျှင်လည်း ဆွေးနွေးပေးပါ။

| REVIEW | (5 mins) |
|---|---|
| ပြန်လည်သုံးသပ်ခြင်း | (၅ မိနစ်) |

Link this session's outcomes to previous sessions and activities.

ဤအစီအစဉ်၏ ရလဒ်များကို ပြီးခဲ့သော အစီအစဉ်နှင့် လှုပ်ရှားမှုများနှင့် ဆက်စပ်ပေးပါ။

| FOCUSER: THE LINK BETWEEN GENDER STEREOTYPES AND ACCESS TO POWER/RESOURCES | (20 mins) |
|---|---|
| FOCUSER - ကျားမရေးရာတရားသေမှတ်ယူခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ၊ အရင်းအမြစ်များ လက်လှမ်းမီမှု ကြားတွင် ရှိသောချိတ်ဆက်မှု | (၂၀ မိနစ်) |

**Purpose of Activity:** To get the participants to identify how gender stereotype can influence the access to power or resources.
**လုပ်ရှားမှု၏ ရည်ရွယ်ချက် -** သင်တန်းသူ၊ သင်တန်းသားများအား ကျားမရေးရာ တရားသေမှတ်ယူခြင်းက လုပ်ပိုင်ခွင့်အာဏာ၊ အရင်းအမြစ်များ လက်လှမ်းရယူခွင့် ကိုမည်မျှလွှမ်းမိုးမှုရှိကြောင်းဖော်ထုတ်ရန်။

**Methodology: power walk**
**သင်ကြားရေးနည်းစနစ် -** လုပ်ပိုင်ခွင့် အာဏာလမ်းလျှောက်ခြင်း

**Handouts:** 2.2.1 Power Game
**ဝေငှစာရွက်များ -** ၂.၂.၁ Power Game

**Instructions**

- Tell participants that they are going to review the concepts learned on Day One about gender, stereotypes, discriminations and access to power/resources by playing a game.
- Invite 10 volunteers to play the Power Game, and the rest to be observers. (10 volunteers will depend on participants' number and place.)
- Ask the volunteers to come forward and take one of the slips from handout 2.2.1 describing his characteristics and role.
- Ask the volunteers to stand shoulder to shoulder in a straight line.
- Give the following instructions; when I read out a statement, if you can do it, take a step forward. If not, please stand still and look forward. (Read out as many statements as time permits)

**ညွှန်ကြားချက်များ**

- သင်တန်းသူ၊သားများအား ၎င်းတို့သည် ပထမနေ့တွင် လေ့လာခဲ့သောကျားမရေးရာ၊ တရားသေမှတ်ယူခြင်း၊ ခွဲခြားဆက်ဆံခြင်းနှင့် အာဏာ/အရင်းအမြစ် ရရှိခြင်းဟူသောသဘောတရားများကိုဂိမ်းကစားခြင်းဖြင့် ပြန်လည်လေ့ကျင့်ကြမည်ဟုပြောပါ။
- သင်တန်းသူ၊သားများထဲမှလုပ်ပိုင်ခွင့်အာဏာဂိမ်း (power game) ကူညီကစားပေးမည့်သူ ၁၀ ယောက်ကို ဖိတ်ခေါ်လိုက်ပါ။ ကျန်တဲ့သူများသည်စောင့်ကြည့်လေ့လာကြမည်။ (ကူညီကစားပေးမည့်လူ ၁၀ ယောက်ဆိုတာ တက်ရောက်လာသော သင် တန်းသူ၊သားများ အရေအတွက်နှင့်သင်တန်းနေရာပေါ်မူတည်ပါလိမ့်မည်။)
- ဖော်လံတီယာများအားရှေ့သို့ လာစေပြီးဝေငှစာရွက် ၂.၂.၁ ထဲမှ စာရွက်အပိုင်းများကိုယူစေ၍ ၎င်းရရှိသော ဇာတ်ကောင်စရိုက် နှင့် အခန်းကဏ္ဍကိုပြောပြစေပါ။
- ဖော်လံတီယာများကိုတတန်းထဲ (မျဉ်းဖြောင့်မှာ) ရပ်စေပါ။
- ညွှန်ကြားချက်များ ပေးပါ။ အဲ့ဒါကတော့ ကျွန်တော်/မစာတမ်းကို ဖတ်ပြလိုက်တဲ့ အခါသင်တန်းသူ/သားတို့ က လိုက်လုပ်နိုင်ရင်ရှေ့တစ်လှမ်းတိုး။ လိုက်မလုပ်နိုင်ရင်ကိုယ်နေရာမှာပဲရပ်နေပါ။ ပြီးတော့ နောက်ကိုလှမ်းမကြည့်ပါနဲ့။ ရရှိသောအချိန် အတွင်း သင်တန်းဆရာ၏ ဝေငှစာရွက်ထဲမှ အချက်များကိုအသံကျယ်ကျယ် ဖတ်ပြပါ။
- After ending the game, ask participants the following questions;
- ဂိမ်းအပြီးမှာ သင်တန်းသူ၊သားများကို အောက်ပါမေးခွန်းများကို အဆင်ပြေသလိုမေးပါ။

1. (The top person) – Please look backward! What do you see? Why do you think this happened? Please read out your statement.

၁။ (ထိပ်ဆုံးကလူ) - ကျေးဇူးပြု၍ အနောက်ဘက်ကို ကြည့်လိုက်ပါ။ ဘာကို မြင်ရသလဲ။ ဘာကြောင့် အဲ့ဒီလို ဖြစ်ရတာလဲဆိုတာနဲ့ပက်သက်ပြီး ဘယ်လိုထင်မိလဲ။ ကျေးဇူးပြု၍ သင့် အဆိုပြုရေးသားချက်ကို အသံကျယ်ကျယ်ထွက်ပြီး ဖတ်ပြပါ။

2. (The last person) – What is your statement? And why do you remain in last? How do you feel?

၂။ (နောက်ဆုံးကလူ) - ဆရာ/မ ရဲ့ ရေးထားတဲ့ အဆိုပြုချက်က ဘာလဲ။ ဆရာ/မ က ဘာကြောင့် နောက်ဆုံးမှာရှိနေတာလဲ။ ဘယ်လိုခံစားရသလဲ။

3. (The second person)- Why are you in the fornt? Are you satisfied with yourself? Please read out your statement.

၃။ (ဒုတိယလူ) - ဘယ်အချက်တွေက ဆရာ/မ ကို ရှေ့ကိုရောက်နေစေတာလဲ။ ကိုယ့်ကိုယ်ကိုကော ကျေနပ်မှုရှိရဲ့လား။ ကျေးဇူးပြု၍ သင့် အဆိုပြုရေးသားချက်ကို အသံကျယ်ကျယ်ထွက်ပြီး ဖတ်ပြပါ။

4. What characteristics do the people in the front have?

၄။ ရှေ့မှာ ရပ်နေတဲ့ လူတွေမှာ ဘယ်လို ဇာတ်ကောင်စရိုက်တွေ ရှိနေပါသလဲ။

5. How does power relate to choice?

၅။ လုပ်ပိုင်ခွင့်အာဏာဟာ ရွေးချယ်မှုနဲ့ ဘယ်လိုဆက်စပ်နေသလဲ?

| **Activity 1: WHAT IS VIOLENCE ?** | **(5 mins)** |
|---|---|
| **လှုပ်ရှားမှု ၁ - အကြမ်းဖက်မှု ဆိုတာဘာလဲ?** | **(၅ မိနစ်)** |
| **Purpose of Activity:** To establish a common definition of violence.<br>**လှုပ်ရှားမှု၏ ရည်ရွယ်ချက်** - အကြမ်းဖက်မှု၏ ယေဘူယျ အဓိပ္ပါယ်ဖွင့်ဆိုချက်ကိုဖော်ထုတ်ရန်<br><br>**Methodology:** Brainstorming<br>**သင်ကြားနည်းစနစ် -** ကြိုတင်ကြံဆတွေးတောခြင်း<br><br>**Materials:** None<br>**သင်ထောက်ကူပစ္စည်းများ -** မရှိပါ<br><br>**Handouts:** None<br>**ဝေငှစာရွက်** - မရှိပါ | |

**Instructions**

**ညွှန်ကြားချက်များ**

- Tell participants that in this module the focus will be on the link between gender discrimination and violence.
- သင်တန်းသူ၊သားများကိုဤမော်ဂျူးတွင် ကျားမခွဲခြားဆက်ဆံခြင်း နှင့် အကြမ်းဖက်မှုကြားတွင်ရှိသော ချိတ်ဆက်မှုကို ဦးတည်သွား မည် ဖြစ်ကြောင်းပြောပါ။
- First, we need to establish a definition of violence.
- ပထမဦးစွာအကြမ်းဖက်မှု၏ ယေဘူယျ အဓိပ္ပါယ်ဖွင့်ဆိုချက် ဆိုတာဘာလဲကိုဖော်ထုတ်ရန် လိုအပ်ပါသည်။
- Ask participants: what is the meaning or definition of violence?
- သင်တန်းသူ၊သားများကိုအကြမ်းဖက်မှု အဓိပ္ပါယ်ဖွင့်ဆိုချက် သို့မဟုတ် ဆိုလိုရင်းကဘာဆိုတာလဲကိုမေးပါ။
- Ask several participants to give definitions in order to get a wide range of behavior or actions that could be considered "violence".
- အကြမ်းဖက်မှု၏ ပြုမူလုပ်ဆောင်ပုံသို့မဟုတ် လုပ်ရပ်များအကြောင်းကိုကျယ်ပြန့်စွာသိနိုင်ရန် ထိုအဓိပ္ပါယ်ဖွင့်ဆိုချက်ကိုသင်တန်းသူ၊သားအများအပြားအားမေးပါ။

| **Notes to facilitators** |
|---|
| The World Health Organization (WHO) defines violence as "the intentional use of physical force or power, threatened or actual, against oneself, another person, or against a group or community, that either results in or has a high likelihood of resulting in injury, death, psychological harm, |

| |
|---|
| maldevelopment, or deprivation." The definition includes violence between individuals, but also between groups and against oneself. Physical violence as well as non-physical violence such as threats, bullying, and harassment are also included. Acts that cause psychological and emotional harm are violence within this definition. See World Report on Violence and Health: Summary. Geneva, World Health Organization, 2002, at 4.<br><br>**သင်တန်းနည်းပြများအတွက် မှတ်စုများ**<br>ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းမှအကြမ်းဖက်မှုကိုယခုကဲ့သို့အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ မိမိကိုယ်ကိုဆန့်ကျင်၍သော်လည်းကောင်း၊ အခြားသူတဦးကိုသော်လည်းကောင်း၊ သို့မဟုတ် အုပ်စုတစုသို့မဟုတ်အသိုင်းအဝိုင်းကို ဆန့်ကျင့်၍သော်လည်းကောင်း နိုင်ငံတကာအသုံးပြုသည့် ရုပ်ပိုင်းဆိုင်ရာအင်အားသို့မဟုတ် ပါဝါအာဏာကို ရည်ရွယ်ချက်ရှိရှိ အသုံးပြုမှု၊ ခြိမ်းခြောက်မှုများ ပြုလုပ်ကာဒဏ်ရာရခြင်း၊ သေဆုံးခြင်း၊ စိတ်ပိုင်းဆိုင်ရာထိခိုက်မှု၊ တိုးတက်မှု မမှန်ကန်မှုသို့မဟုတ် ချို့တဲ့ခြင်းများကိုရလဒ်အနေဖြင့် ဖြစ်ပွားစေခြင်းကိုအကြမ်းမှုဖြစ်သည်ဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ ထိုအဓိပ္ပါယ်ဖွင့်ဆိုချက်တွင် တစ်ဦးတယောက်ချင်းကို ပြုလုပ်သောအကြမ်းဖက်မှု၊ အုပ်စုများအကြားအကြမ်းဖက်မှုနှင့် တစုံတယောက်ကိုဆန့်ကျင်သောအကြမ်းဖက်မှု များပါဝင်သည်။ ရုပ်ပိုင်းဆိုင်ရာအကြမ်းမှုနှင့် ရုပ်ပိုင်းဆိုင်ရာမဟုတ်သောအကြမ်းဖက်မှုများဖြစ်ကြသည့် ခြိမ်းခြောက်မှု၊ နိုင်ထက်စီးနင်းပြုမှု၊ စော်ကားမှုများပါဝင်သည်။ ထိုအဓိပ္ပါယ်ဖွင့်ဆိုချက်တွင် လုပ်ရပ်များကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာနာကျင်မှုများသည် အကြမ်းဖက်မှုများ ဖြစ်သည်ဟူ၍ ဖော်ပြထားသည်။ ကမ္ဘာ့အစီရင်ခံစာဖြစ်သည့် အကြမ်းဖက်မှုနှင့် ကျန်းမာရေးအစီရင်ခံစာကို ကြည့်ပါ။ ဂျနီဗာ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း။ ၂၀၀၂၊ ၄။ |

| ACTIVITY 2: WHAT IS SGBV? | (30 mins) |
|---|---|
| လှုပ်ရှားမှု ၂ - လိင်ပိုင်းဆိုင်ရာနှင့်ကျား-မအခြေပြုအကြမ်းဖက်မှုဆိုတာဘာလဲ။ | (၃၀ မိနစ်) |
| **Purpose of Activity:** To build an understanding of the definition of SGBV and how it is different than general violence.<br>**လှုပ်ရှားမှု၏ ရည်ရွယ်ချက် -** လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအခြေပြုအကြမ်းဖက်မှု၏အဓိပ္ပါယ်နှင့် သာမန်အကြမ်းဖက်မှုမည်ကဲ့သို့ ကွဲပြားကြသည်ကိုနားလည်အောင် ပြုလုပ်ရန်။<br><br>**Methodology:** Role Play, Brainstorming, Group Work<br>**သင်ကြားရေးနည်းစနစ် -** သရုပ်ဖော်တင်ဆက်ပြသမှု၊ကြိုတင်ကြံဆတွေးတောခြင်း၊ အုပ်စုဖြင့် လုပ်ဆောင်ခြင်း<br><br>**Handouts:** 2.2.2 Definition of SGBV<br>**ဝေငှစာရွက်များ -** ၂.၂.၂ လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအခြေပြု အကြမ်းဖက်မှု အဓိပ္ပါယ်ဖွင့်ဆိုချက်<br><br>**Materials:** Whiteboard/markers<br>**သင်ထောက်ကူပစ္စည်းများ** - သင်ပုန်း၊ မာကာ | |

**Instructions**

**ညွှန်ကြားချက်များ**

The facilitators will ad lib the role-play as follows:

- A facilitator will play the role of a husband.
- Another facilitator will play the role of a wife.
- Case Scenario- (H) My wife! Have you cooked? (W) How could I have cooked? I have just been back home from selling things. (H) No…it is your responsibility to cook meal no matter what time it is. (W) What?....I have been working. How could I have been free to cook the meal? You are such a pathetic husband not capable of earning enough to feed us. (H) What did you say?!! I'm about to beat you

(gesturing to beat)…Where is that idiot son? (W) He is taking a beauty training course. No employer will hire him for other jobs!

သင်တန်းဆရာများမှအောက်ပါအတိုင်းသရုပ်ဖော်ဇာတ်လမ်းတစ်ခုကိုလုပ်ဆောင်ပေးပါ။

- o သင်တန်းဆရာတစ်ဦးမှ လင်ယောက်ျားနေရာမှ သရုပ်ဆောင်ပါ။
- o သင်တန်းဆရာတစ်ဦးမှ ဇနီးမယားနေရာမှ သရုပ်ဆောင်ပါ။
- o ဇာတ်ညွှန်း -

(ယ) မိန်းမရေ ထမင်းကျက်ပြီလားကွ

(မ) ဘယ်လိုလုပ်ကျက်အုံးမှာလဲ၊ကျမလည်း အခုလေးတင်ဈေးရောင်းကပြန်ရောက်တာ

(ယ) ဟ … ဘယ်အချိန်ရောက်ရောက်လေကွာ ထမင်းဟင်းချက်ရမှာ မင်းတာဝန်လေကွာ

(မ) ဩော်ကျမက ထမင်းဟင်းချက်ရအောင် အားရနေတာမှမဟုတ်တာ … ယောက်ျားဖြစ်ပြီး လောက်လောက်ငအောင်တော့ ရှာမကျွေးနိုင်ဘဲနဲ့ …

(ယ) မင်းဘာစကားပြောတာလဲ … ငါရိုက်မိတော့မယ် … (ရိုက်နက်ဟန်ပြုပါ) … ဟို တောင်မရောက်မြောက်မရောက်ကောင် ကကော ဘယ်သွားတုံး …

(မ) အလှပြင်သင်တန်းတတ်နေတယ်လေ … ကျန်တဲ့အလုပ်တွေက ဘယ်အလုပ်ရှင်က ခန့်လို့တုံး …

Ask participants the following questions: (5 mins)

သင်တန်းသူ၊သားများအားအောက်ပါမေးခွန်းများကိုမေးပါ။

- ➢ What do you see in this Scenario?
- ➢ ဒီဇာတ်ညွှန်းမှာ ဘာကိုမြင်တွေ့ရသလဲ။
- ➢ Did this scenario show violence? Why or why not?
- ➢ ဤဇာတ်ညွှန်းသည် အကြမ်းဖက်မှုကို ပြသခဲ့ပါသလား။ ဘာကြောင့်လဲသို့မဟုတ် ဘာကြောင့် မဟုတ်တာလဲ။
- ➢ Did this scenario show violence related to gender discrimination or gender inequality? Why or why not?
- ➢ ဤဇာတ်ညွှန်းသည် အကြမ်းဖက်မှုကို ကျားမရေးရာ ခွဲခြားဆက်ဆံခြင်း (သို့မဟုတ်) ကျားမရေးရာ တန်းတူညီမျှမှု မရှိခြင်းတို့ ပတ်သက်ဆက်စပ်မှုကို ပြခဲ့ပါသလား။ ဘာကြောင့်လဲ သို့မဟုတ် ဘာကြောင့်မဟုတ်တာလဲ။

- Now tell participants that they are going to formulate a definition of SGBV (Sex and Gender Based Violence).
- သင်တန်းသူ၊သားများကိုလိင်ပိုင်းဆိုင်ရာ နှင့် ကျားမရေးရာအခြေပြု အကြမ်းဖက်မှု၏ အဓိပ္ပါယ်ကိုဖော်ထုတ်ကြမည်ဖြစ်ကြောင်းပြောပါ။
- Divide participants into five (5) groups.
- သင်တန်းသူ၊သားများကိုအဖွဲ့ (၅) ဖွဲ့ ခွဲပါ။
- Ask participants to discuss in their groups what they have learned so far about the concepts of sex, gender, gender stereotyping, gender inequality, and the links with violence. Ask them to use these concepts to create a definition of SGBV. (5 mins)
- သင်တန်းသူ၊သားများကိုသူတို့၏ အဖွဲ့တွင်းတွင် လိင်၊ ကျားမရေးရာကျားမရေးရာရှေးရိုးစွဲများ၊ ကျားမရေးရာတန်းတူညီမျှမှု မရှိမှု၊ နှင့်အကြမ်းဖက်မှုနှင့် ချိတ်ဆက်နေမှုတို့တွင် လေ့လာတွေ့ရှိခဲ့ရသော သဘောတရားဆချက်များကို ဆွေးနွေးခိုင်းပါ။ သင်တန်းသူ၊သားများကို ထိုသဘောတရားဆချက်များကိုအသုံးပြု၍ လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအခြေပြု အကြမ်းဖက်မှု အဓိပ္ပါယ်ကို ဖန်တီးခိုင်းပါ။ (၅ မိနစ်)
- Ask each group to share their definitions. (10 mins)
- အုပ်စုတစုချင်းစီကိုသူတို့၏ အဓိပ္ပါယ် ဖွင့်ဆိုချက်များကို မျှဝေခိုင်းပါ။ (၁၀ မိနစ်)
- Facilitators should listen to the definitions given by groups and write on the whiteboard key concepts such as: "violence that asserts male power", "violence that reinforces gender stereotypes", "violence that forces males and females to conform to gender stereotypes".

- သင်တန်းနည်းပြများမှ အဖွဲ့များမှ ပေးလာသောအဓိပ္ပါယ်ဖွင့်ဆိုချက်များကို နားထောင်ကာစာရွက်ဖြူပေါ်တွင် ၎င်း၏ အဓိက ယူဆချက်ကိုချရေးပါ။ ဥပမာ - အမျိုးသား၏ အာဏာလုပ်ပိုင်ခွင့်ကို ယတိပြတ်ခိုင်မာစေသောအကြမ်းဖက်မှု၊ ကျားမရေးရာ တရားသေမှတ်ယူခြင်းကိုအားပေးထောက်ခံသည့် အကြမ်းဖက်မှု၊ ကျားမရေးရာ တရားသေမှတ်ယူခြင်း ထုံးတန်းစဉ်လာ နှင့် ကိုက်ညီအောင် အမျိုးသား နှင့် အမျိုးသမီးကိုတွန်းအားပေးသည့် အကြမ်းဖက်မှု။
- Distribute Handout 2.2.2 to all participants.
- သင်တန်းသူ၊သားများကို စေ၀စာရွက် ၂.၂.၂ ကိုဖြန့်ဝေပေးပါ။

➢ Ask participants if the key concepts listed on the board are included in the definition in Handout 2.2.2 (5 mins)

➢ သင်ပုန်းပေါ်တွင် ရေးထားသောအဓိကသဘောတရားများသည် ဝေ၀စာရွက် ၂.၂.၂ ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ပါဝင်သလား မပါဝင်ဘူးလား သင်တန်းသူ၊သားများအား မေးပါ။ (၅ မိနစ်)

**Closing Activity (5 mins)**

**အပိတ်လှုပ်ရှားမှု (၅ မိနစ်)**

➢ Tell participants to think about what makes SGBV different or distinct from "violence" in general.

➢ သင်တန်းသူ၊သားများကိုမည်သည့်အရာကလိင်ပိုင်းဆိုင်ရာနှင့် ကျားမဆိုင်ရာအခြေပြု အကြမ်းဖက်မှုနှင့် ပုံမှန် အကြမ်းဖက်မှု တို့သည် မတူကွဲပြားစေသနည်း (သို့မဟုတ်) သိသာထင်ရှားစေသနည်း။

➢ Are only physical acts violence?

➢ အကြမ်းဖက်မှုများသည် ရုပ်ပိုင်းဆိုင်ရာကိုသာ ဆိုလိုပါသလား။

➢ What non-physical acts can also be considered violence in the definition of SGBV?

➢ လိင်ပိုင်းဆိုင်ရာနှင့် ကျားမဆိုင်ရာအခြေပြု အကြမ်းဖက်မှု အဓိပ္ပါယ်ဖွင့်ဆိုမှုတွင် ရုပ်ပိုင်းဆိုင်ရာမဟုတ်သော ပြုမှုလုပ်ဆောင် ချက်များကိုလည်း အကြမ်းဖက်မှုဟု တွေးထင်မှတ်ယူနိုင်ပါသလား။

| ACTIVITY 3: WHAT FACTORS CONTRIBUTE TO SGBV? | (15 mins) |
|---|---|
| **လှုပ်ရှားမှု ၃ - လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအခြေပြု အကြမ်းဖက်မှု ကိုပံ့ပိုးဖြစ်ပွား စေသော အကြောင်းရင်းများမည်သည့်အရာများ ဖြစ်သနည်း။** | **(၁၅ မိနစ်)** |
| **Purpose of Activity:** To examine the contributing factors to SGBV.<br>**လှုပ်ရှားမှု၏ ရည်ရွယ်ချက် -** လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအခြေပြု အကြမ်းဖက်မှု ကိုပံ့ပိုးဖြစ်ပွားစေသော အကြောင်း ရင်းများကိုလေ့လာရန်<br><br>**Methodology:** Brainstorming, Group Work, Presentation<br>**သင်ကြားရေးနည်းစနစ် -** ကြိုတင်ကြံဆတွေးတောခြင်း၊ အုပ်စုလိုက် လုပ်ဆောင်ခြင်း၊ စီစဉ်တင်ဆက်ခြင်း။<br><br>**Handout** 2.2.3: Factors that Contribute to SGBV<br>**ဝေ၀စာရွက်** - ၂.၂.၃ - လိင်ပိုင်းဆိုင်ရာနှင့် ကျားမဆိုင်ရာအခြေပြု အကြမ်းဖက်မှု ကိုထောက်ပံ့သောအချက်များ<br><br>**Materials:** None<br>**သင်ထောက်ကူပစ္စည်းများ** - မရှိ | |

**Instructions**

**ညွှန်ကြားချက်များ**

- Ask participants to remain in the same groups.
- သင်တန်းသူ၊သားများကိုယခင်အဖွဲ့တိုင်းနေခိုင်းပါ။

- Ask participants to name different types of sex and gender-based violence. The Co-Facilitator should list them on the board for participant reference during this activity. (Participants should identify domestic violence, sexual violence, sexual harassment, trafficking, etc.)
- သင်တန်းသူ၊သားများအား လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအပေါ် အခြေခံသည့် အကြမ်းဖက်မှု အမျိုးအစားအမျိုးမျိုးကိုထုတ်ဖော်၊ ပြောပြစေပါ။ ဤလှုပ်ရှားမှုလုပ်ဆောင်နေစဉ်တွင် သင်တန်းသူ၊ သင်တန်းသားများပြောပြသည့် အကြောင်းအရာ များကိုတွဲဖက် သင်တန်းဆရာမှ သင်ပုန်းပေါ်တွင်ရေးပြီး စာရင်းပြုစုစေပါ။ (သင်တန်းသူ၊သားများသည် အိမ်တွင်းအကြမ်း ဖက်မှု၊ လိင်အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်ပေးမှု၊ လူကုန်ကူးမှု စသည်ဖြင့် ဖော်ထုတ်သင့်သည်။)
- Give each participant Handout 2.2.3 Factors Contributing to SGBV. Assign each group 1 or 2 of the factors on the handout.
- သင်တန်းသူ၊သားများအားဝေငှစာရွက် ၂.၂.၃ လိင်ပိုင်းဆိုင်ရာနှင့် ကျားမဆိုင်ရာအခြေပြု အကြမ်းဖက်မှုကိုထောက်ပံ့သော အချက်များကိုပေးဝေပါ။ တစ်ဖွဲ့လျှင် ဝေငှစာရွက်မှ အချက် (၁) ချက် သို့မဟုတ် (၂) ချက်စီ ဆွေးနွေးရန် တာဝန်သတ်မှတ်ပေးပါ။
- Ask each group to discuss their factors and to pick one of the types of SGBV, listed earlier in the activity, and discuss how their factors contributes to this type of SGBV.
- တစ်ဖွဲ့များကို မိမိတာဝန်ကျသောထောက်ပံ့ပေးသည့်အချက်များကို ဆွေးနွေးစေပြီး အစောပိုင်းတွင် ထုတ်ဖော်စာရင်းပြုစုခဲ့သော ကျားမရေးရာနှင့် လိင်ပိုင်းဆိုင်ရာအခြေခံသည့်အကြမ်းဖက်မှု အမျိုးအစားများထဲမှ အမျိုးအစားတစ်ခုကို ရွေးကာ မိမိတို့ဆွေးနွေး ရသည့်အချက်များက ထိုSGBV အမျိုးအစားဖြစ်ပေါ်ရန် မည်သို့ ထောက်ပံ့၊ ပံ့ပိုး စေသည်ကို ဆွေးနွေးစေပါ။
- Ask each group to present their example.
- အဖွဲ့များကို မိမိတို့ ဆွေးနွေးထားသည့် ဥပမာအားတင်ပြရန် ပြောပါ။
- Group presentation. (5 minutes total)
- အဖွဲ့များမှ တင်ပြခြင်း (၅ မိနစ်)

**Closing Activity (5 mins)**
**အပိတ်လှုပ်ရှားမှု (၅ မိနစ်)**
Ask participants the following questions:
သင်တန်းသူ၊သားများကိုအောက်ပါ မေးခွန်းများမေးပါ။

- ➢ Are their factors that contribute to SGBV in Myanmar that are not on your handout? If yes, please describe.
- ➢ ဝေငှစာရွက်ထဲတွင် မပါဝင်သည့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော SGBV ကိုပံ့ပိုးပေးသည့် အကြောင်းရင်းများ ရှိပါသလား။ ရှိလျှင် ဖော်ပြပါ။
- ➢ What contributing factors are strongest in Myanmar?
- ➢ မြန်မာနိုင်ငံ၌ SGBV အားပံ့ပိုးမှု ဖြစ်ပွားစေသည့် မည်သည့် အကြောင်းရင်းများသည် အကြီးမားဆုံး ဖြစ်ပါသနည်း။
- ➢ How does understanding the contributing factors help us combat SGBV?
- ➢ ပံ့ပိုးမှုဖြစ်ပွားစေသည့် အကြောင်းရင်းများအားနားလည်ခြင်းသည် SGBV အားတိုက်ဖျက်ရာတွင် မည်သို့ ကူညီပေးပါသနည်း။

| **SUMMARY AND EVALUATION** | **(5 mins)** |
| --- | --- |
| **အကျဉ်းချုပ်ခြင်းနှင့် သုံးသပ်ရန်** | **(၅ မိနစ်)** |

Ask participants the following questions:
သင်တန်းသူ၊သားများကိုအောက်ပါ မေးခွန်းများမေးပါ။

- ➢ What makes SGBV distinct or different from general violence?

- လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအခြေပြု အကြမ်းဖက်မှုနှင့် သာမန်အကြမ်းဖက်မှုတို့တွင် မည်သည့်အရာများက မတူကွဲ ပြားသနည်း။ (သို့မဟုတ်) မည်သည့်အရာများကသိသာထင်ရှားအောင် ပြုလုပ်သနည်း။
- What measures can be taken to address these contributing factors? (These measures could include education, awareness-raising, laws, policies.)
- မည်ကဲ့သို့ တိုင်းတာမှုမျိုးသည် ထိုပံ့ပိုးဖြစ်ပွားစေသောအကြောင်းရင်းများကိုဖြေရှင်းနိုင်သနည်း။ (ထိုတိုင်းတာမှုတွင် ပညာရေး၊ အသိပညာတိုးမြင့်ပေးခြင်း၊ ဥပဒေများ၊ မူဝါဒများ ပါဝင်သည်)
- What rule of law principles can be used to support measures to prevent or reduce SGBV?
- SGBV ကိုလျှော့ချခြင်း (သို့) SGBV ကိုကာကွယ်ရန်နေခြင်းကိုတိုင်းတာနိုင်ရန်အတွက် မည်သည့် တရားဥပဒေစိုးမိုးရေး မူဝါဒ များကိုအသုံးပြုနိုင်ပါသနည်း။

# Handout 2.2.1: Power Game
# ဝေငှစာရွက် (၂.၂.၁) - လုပ်ပိုင်ခွင့်အာဏာ ဂိမ်း

**Power Walk (Characteristic) လုပ်ပိုင်ခွင့် အာဏာ လမ်းလျှောက်ခြင်း**

Note: Select the number of characters depending on the training size and available time.

မှတ်စု - ရရှိနိုင်သော သင်တန်းအချိန် နှင့် သင်တန်းခန်းမ အရွယ်အစားပေါ် မူတည်၍ ဇာတ်ဆောင် (character) အရေအတွက်ကို ရွေးချယ်ပါ။

**၁။ သင်သည် အသက် (၄၅) နှစ် - အမျိုးသား။ လူချမ်းသာတစ်ဦး ဖြစ်ပါတယ်။ လူမှုရေးနယ်ပယ်မှာလည်း သြဇာရှိတယ်။ မြို့ပေါ်မှာနေသည်။**

1. You are 45-year-old Man. You are wealthy. You are influential in society. You live in urban area.

**၂။ သင်သည် အသက် (၂၅) နှစ်အရွယ် - အမျိုးသားတစ်ဦး။ ကိုယ်လက်အင်္ဂါမသန်စွမ်းသူဖြစ်သည်။ ဘီးတပ်ထိုင်ခုံနှင့် ရွေ့လျား ရသည်မှာ (၄) နှစ်ရှိပြီ။**

2. You are 25 year-old man; a disabled person. You have been using wheel-chair for four years. Your parents are factory laborers.

**၃။ သင်သည် အသက် (၅၅) နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်သည်။ နယ်မှာ နေတဲ့ ဆင်းရဲသည့် တောင်သူလယ်သမားတစ်ဦး ဖြစ်သည်။ လူနည်းစု အနွယ်ဝင်တိုင်းရင်းသားတစ်ဦးဖြစ်သည်။**

3. You are 55 years old, indigent farmer living in rural retreat. You are a member of ethnic minority group.

**၄။ သင်သည်အသက် (၃၀) အရွယ် - အမျိုးသား။ HIV/AIDS ရောဂါသည်ဖြစ်သည်။ အလယ်အလတ် လူတန်းစားဖြစ်သည်။**

4. You are 30 year-old man; tested HIV and suffering from AIDS. You are from middle class.

**၅. သင်သည် အသက် ၂၅နှစ် အမျိုးသား တစ်ဦးဖြစ်သည်။ သင်၏ လိင်စိတ်ခံယူမှုသည် အမျိုးသမီး တစ်ဦးအဖြစ် ဖြစ်သည်။ သင်ပန်းရောင်းသည်။**

5. You are a 25 year-old man. Your sexual orientation is toward being feminine. And you are a florist.

**၆။ သင်သည် အသက် (၄၀) အရွယ် အမျိုးသမီးတစ်ဦး ဖြစ်သည်။ သားသမီး (၄) ယောက် နှင့် မုဆိုးမဖြစ်သည်။ မိသားစု လယ်မှာ လယ်လုပ်သည်။**

6. You are 40 year-old woman; a widow and mother of 4 children. The whole family works on farming.

**၇။ သင်သည် အသက် (၂၂) အရွယ် အမျိုးသမီးတစ်ဦးဖြစ်သည်။ ဆင်းရဲသည်။ မြို့ပေါ်မှာ ကိုယ်ခန္ဓာရောင်းစားသည်။**

7. You are 22 year-old woman; vulnerable person. You are a sex worker.

**၈။ သင်သည် အသက် ၃၀ အရွယ် အမျိုးသမီးတစ်ဦးဖြစ်သည်။ ချမ်းသာတဲ့မိသားစုကဖြစ်သည်။ မြို့ပေါ်မှာနေသည်။ ဘွဲ့လွန် အဆင့်မြင့်ပညာ ဆည်းပူးနေသည်။**

8. You are 30 year-old woman; comes from a rich family. You live in urban area. You are studying as a post-graduate student.

**၉. သင်သည် အသက် ၃၅ အရွယ် အမျိုးသမီးတစ်ဦးဖြစ်သည်။ ကိုယ်ပိုင်လုပ်ငန်းလည်းရှိသည်။ အလှူအတန်း ရက်ရော သည်။**

9. You are a 35 year-old woman. You own a business and you are such a generous donor.

**၁၀။ သင်သည် အသက် ၁၉ နှစ်အရွယ် မိန်းကလေးတစ်ဦးဖြစ်သည်။ မိသားစုစားဝတ်နေရေးအတွက် ကာရာအိုကေဆိုင်မှာ သီချင်းဆိုတဲ့ အလုပ်လုပ်ကို လုပ်သည်။**

10. You are 19 year-old girl. You work at a KTV to financially support her family.

## Questions for Power Walk

1. Have you got adequate food for the next three months?
2. Are you entitled to participate when it comes to discussing important issues within your family?
3. Do you play an important role in community affairs? (Do community members come & see you to seek your advice?)
4. Can you afford your favourite food?
5. Do you have your own apartment/or real estate?
6. Do you have permission to walk alone outside at night time?
7. Is your workplace or residential area free from sexual assault?
8. Are you entitled to inherit from your parents?
9. Is it likely for you to be appointed as a ward or village administrator in your village or ward?
10. Do you have financial resource to have medical treatment, when you are suffering from a disease?
11. Are you free from liability?
12. Can you do the job you want to?
13. Can you rest in the evening after you have strenuously worked the whole day?

## လုပ်ပိုင်ခွင့်အာဏာ လမ်းလျှောက်ခြင်း အတွက် မေးခွန်းများ

၁။ လာမဲ့ (၃) လတာ အနာဂတ်အတွက် သင့်မှာ စားစရာ ဖူလုံမှု ရှိပါသလား။

၂။သင့်မိသားစုထဲမှာ အရေးကြီးတဲ့ ကိစ္စရပ်များနဲ့ပတ်သက်ပြီး ဆုံးဖြတ်ချက်ချတဲ့အခါမျိုးမှာ သင်ပါဝင် ပတ်သက် ဆွေးနွေးခွင့် ရှိပါသလား။

၃။ရပ်ရွာအရေး ကိစ္စတွေမှာ သင်က အရေးပါပါသလား။ (ရပ်ရွာထဲက လူတွေသင့်ဆီကို အကြံဉာဏ်တောင်းဖို့ ဆုံးဖြတ်ချက်ချပေးဖို့ သင့်ဆီကို လာပါသလား။

၄။ သင်ကြိုက်တဲ့အစားအစာကို သင်ဝယ်စားနိုင်ပါသလား။

၅။ ကိုယ်ပိုင် အိမ်/တိုက်ခန်းကို သင်ပိုင်ဆိုင်နိုင်ပါသလား။

၆။ သင်တစ်ယောက်ထဲ ညပိုင်းမှာ အပြင်ထွက် လျှောက်သွားခွင့် ရှိပါသလား။

၇။ သင့်နေရာ (သို့) လုပ်ငန်းခွင်မှာ လိင်မှုဆိုင်ရာ နှောက်ယှက်ခြင်း ကင်းဝေးပါသလား။

၈။ မိသားစုရဲ့ ပိုင်ဆိုင်မှု အမွေများကို သင်အမွေဆက်ခံပိုင်ခွင့် ရှိပါသလား။

၉။ သင်၏ရပ်ကွက် (သို့) ကျေးရွာတွင် သင့်ကို ရပ်ကွက်/ရွာလူကြီး အဖြစ် ခန့်ထားခြင်း ခံရနိုင်ပါသလား။

၁၀။ သင့်မှာ ရောဂါဝေဒနာတစ်ခု ခံစားနေရတယ်ဆိုရင် အဲဒီဝေဒနာကို ချက်ခြင်းကုသနိုင်မဲ့ အခြေအနေ/ငွေအင်အား သင့်မှာ ရှိပါသလား။

၁၁။ သင်သည် အကြွေးမှီ ကင်းဝေးပါသလား။

၁၂။ သင်သည် သင်လုပ်ချင်သော အလုပ်ကို လုပ်ကိုင်နိုင်ပါသလား။

၁၃။ တနေကုန် ပင်ပင်ပန်းပန်း အလုပ်လုပ်ပြီးတဲ့နောက် ညနေပိုင်းမှာ သင်သည် အနားယူနိုင်ပါသလား။

## Handout 2.2.2: Defining SGBV
## ဝေငှစာရွက် (၂.၂.၂) - လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအခြေပြု အကြမ်းဖက်မှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

Sexual and gender-based violence (SGBV) refers to

- any harmful act
- perpetrated against a person's will
- based on social and cultural ideas about gender.

It includes acts that inflict physical, mental, or sexual harm or suffering, threats of such acts, coercion and other deprivations of liberty, whether occurring in public or in private life.[1]

လိင်ပိုင်းဆိုင်ရာ နှင့် ကျားမဆိုင်ရာ အခြေပြု အကြမ်းဖက်မှုသည် -

- မည်သို့သော ထိခိုက်နာကျင်စေသော အပြုအမူမဆို
- လူပုဂ္ဂိုလ် တဦးတယောက်၏ ဆန္ဒကို ဆန့်ကျင်ကာ ပြစ်မှု ကျူးလွန်ခြင်း
- ကျားမရေးရာသည် လူမှုနှင့် ယဉ်ကျေးမှု အတွေးအခေါ်များကို အခြေခံထားခြင်း ဖြစ်သည်။

ထိုအရာများတွင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အန္တရယ် သို့မဟုတ် ခြိမ်းခြောက်မှု ကဲ့သို့သော ပြုမူလုပ်ဆောင်မှု၊ အကျပ်ကိုင်မှု၊ အခြားသူများ၏ လွတ်မြောက်မှု ကို ဆုံးရှုံးအောင် ပြုလုပ်ခြင်း အစရှိသည်များကို အများသူများ ရှိနေသောနေရာ သို့မဟုတ် တကိုယ်ရည် ကိုယ်ပိုင်ရှိသောနေရာများတွင် ဖြစ်ပွားခြင်းများ ပါဝင်သည်။

[1] See "Action against Sexual and Gender-Based Violence: An Updated Strategy." UNHCR Division of International Protection. June 2011. Available at: http://www.unhcr.org/4e1d5aba9.pdf.

# Handout 2.2.3: Factors that Contribute to SGBV

# ဝေငှစာရွက် (၂.၂.၃) - လိင်ပိုင်းဆိုင်ရာ နှင့် ကျားမရေးရာအခြေပြုအကြမ်းဖက်မှုကို ပံ့ပိုးနေသောအချက်များ

1. Gender inequality and discrimination. Girls and women are not given equal power in communities, relationships or societies which increases their risk of violence and limits their ability to seek support to stop it.
2. Power and control. Violence is used as a tool to exercise power and control.
3. Culture of acceptance that justifies or excuses the violence and ignores the experiences of women and girls.
4. A culture of silence about violence against women and girls.
5. Weak laws or a lack of laws to stop the violence and punish perpetrators.
6. Lack of awareness about the causes of violence.
7. Limited support for women and girls who experience violence.
8. Sex sells. Businesses use sexual images of women and girls to encourage people to buy their products. This can lead to the objectification of women and girls.
9. Poverty increases the risk of women and girls experiencing violence as it limits their choices and access to resources to protect themselves from violence.
10. Armed conflict and emergencies such as a typhoon or earthquake increase the risk of violence to women and girls. These events may cause women to be displaced and separated from their families and communities increasing their risk of violence. Sexual violence can also be used as a weapon of war.
11. Harmful practices such as female genital mutilation, child marriage, and forced marriage exist in some cultures and are rooted in gender inequality and discrimination.

၁။ ကျားမဆိုင်ရာ တန်းတူညီမျှမှုမရှိခြင်း နှင့် ခွဲခြားဆက်ဆံမှု။ လူ့အဖွဲ့အစည်း၊ လူမှုဆက်ဆံရေးများ နှင့် လူမှုအသိုင်းအဝန်းများတွင် မိန်းကလေးများနှင့် အမျိုးသမီးများအား လုပ်ပိုင်ခွင့်အာဏာကို တူညီစွာမပေးထားခြင်းသည် အကြမ်းဖက်ခံရနိုင်သော အန္တရယ် တိုးမြင့်စေပြီး ထိုအန္တရယ်ကို ရပ်တန့်ရန်အတွက် ပံ့ပိုးကူညီမှုရှာဖွေခြင်း စွမ်းရည်ကိုပါ ကန့်သတ်လိုက်သည်။

၂။ လုပ်ပိုင်ခွင့်အာဏာ နှင့် ထိန်းချုပ်မှု။ လုပ်ပိုင်ခွင့်အာဏာ နှင့် ထိန်းချုပ်မှုကို ကျင့်သုံးရန်အတွက် အကြမ်းဖက်မှုကို ကိရိယာတစ်ခု အနေဖြင့် အသုံးပြုသည်။

၃။ အကြမ်းဖက်ခြင်းကို သင့်လျော်သည်၊ ခွင့်ပြု (ဆင်ခြေတစ်ခုအနေဖြင့်) သည်နှင့် အမျိုးသမီးများ နှင့် မိန်းကလေးများ တွေ့ကြုံခံစားနေရသည်ကို လျစ်လျူရှုခြင်းသည် နာခံတတ်သော အလေ့အထများကြောင့် ဖြစ်သည်။

၄။ အမျိုးသမီးများနှင့် မိန်းကလေးများ အကြမ်းဖက်မှုကို တွေ့ကြုံနေရသော အကြောင်းရင်းသည် တုံ့ပြန်မှုမရှိသော အလေ့အထကြောင့် ဖြစ်သည်။

၅။ အကြမ်းဖက်မှုများကို တားဆီးရန်နှင့် ကျူးလွန်သူများကို အပြစ်ပေးရန် ဥပဒေများ အားနည်းခြင်း သို့မဟုတ် ဥပဒေ မရှိခြင်း။

၆။ အကြမ်းဖက်မှုကို ဖြစ်ပွားစေသည့် အကြောင်းအရာများနှင့် ပတ်သက်၍ အသိပညာပေးမှုများ မရှိခြင်း။

၇။ အကြမ်းဖက်ခံရသော အမျိုးသမီးများနှင့် မိန်းကလေးများအား ပံ့ပိုးမှု အကန့်အသတ် ရှိနေခြင်း။

၈။ လိင်ပိုင်းဆိုင်ရာ ရောင်းချခြင်း။ စီးပွားရေးလုပ်ငန်းများတွင် ၄င်းတို့၏ ထုတ်ကုန်များကို အများသူငှာ ဝယ်ယူရန် အမျိုးသမီးများနှင့် မိန်းကလေးများ၏ လိင်အသားပေးပြသထားသော ရုပ်ပုံများကို အသုံးပြုကာ ဆွဲဆောင်ကြသည်။ ထိုကဲ့သို့ပြုလုပ်ခြင်းသည် အမျိုးသမီးများနှင့် မိန်းကလေးများကို ကုန်ပစ္စည်းကဲ့သို့ မှတ်ယူစေနိုင်သည်။

၉။ ဆင်းရဲနွမ်းပါးခြင်းက အမျိုးသမီးများနှင့် မိန်းကလေးများ အကြမ်းဖက်ခံရသည့်အန္တရာယ်မှ မိမိကိုယ့်ကိုကာကွယ်ရန် စွမ်းရည်အရင်းအမြစ်များရယူနိုင်ခြင်း နှင့် ကိုယ်ပိုင်ရွေးချယ်မှုများကို ကန့်သတ်ထားသောကြောင့် အမျိုးသမီးများနှင့် မိန်းကလေးများအား အကြမ်းဖက်မှု အန္တရာယ်ကိုတိုးမြှင့်စေသည်။

၁၀။ တိုင်ဖုန်း နှင့် မြေငလျင် ကဲ့သို့သော အရေးပေါ်အခြေအနေများ နှင့် လက်နက်ကိုင်ပဋိပက္ခများသည် အမျိုးသမီးများနှင့် မိန်းကလေးများ အကြမ်းဖက်ခံရသည့် အန္တရာယ်ကို မြင့်တက်စေသည်။ ထိုကဲ့သို့ အခြေအနေများတွင် အမျိုးသမီးများက ၎င်းတို့၏ မိသားစု၊ အသိုင်းအဝိုင်းများနှင့် ကွဲကွာခြင်း နှင့် သီးခြားရွှေ့ပြောင်းနေရခြင်း စသည်တို့ကို ကြုံတွေ့နိုင်ကာ ထိုအခြေအနေများက အမျိုးသမီးများ အကြမ်းဖက်ခံရနိုင်သည့် အန္တရာယ်ကို တိုးမြင့်စေနိုင်သည်။ စစ်ပွဲများတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို လက်နက်တစ်ခုအဖြစ်လည်း အသုံးပြုကြသည်။

၁၁။ အချို့သော ယဉ်ကျေးမှုများတွင် အမျိုးသမီးများ၏ လိင်အင်္ဂါကို ဖြတ်တောက်ခြင်း၊ သက်ငယ်လက်ထပ် ထိမ်းမြားခြင်းနှင့် အတင်းအကျပ် လက်ထပ်စေခိုင်းခြင်း ကဲ့သို့သော ထိခိုက်နာကျင်/နစ်နာစေနိုင်သော အလေ့အထများရှိခြင်းတို့သည် ကျားမရေးရာ တန်းတူညီမျှမှု မရှိခြင်းနှင့် ခွဲခြားဆက်ဆံခြင်းတို့၏ အရင်းခံဖြစ်သည်။

# Module 2.3: Legal Framework for SGBV
# အစီအစဉ် (၂.၃) - လိင်ပိုင်းဆိုင်ရာ နှင့် ကျားမရေးမရေးရာအခြေပြုအကြမ်းဖက်မှုများအတွက် ဥပဒေဆိုင်ရာမူဘောင်

**Purpose of Session:** To raise participant awareness of the legal framework for SGBV.
**အစီအစဉ်၏ ရည်ရွယ်ချက်** - သင်တန်းသူ၊ သားများအား လိင်ပိုင်းဆိုင်ရာ နှင့် ကျားမရေးရာအခြေပြု အကြမ်းဖက်မှုများ အတွက် ဥပဒေဆိုင်ရာ မူဘောင်နှင့် ပတ်သက်သော အသိပညာများကို မြှင့်တင်ပေးရန် ရည်ရွယ်သည်။

**Outcomes, Skills and Methodologies**
**ရလဒ်များ၊ ကျွမ်းကျင်မှုများနှင့်သင်ကြားရေးနည်းစနစ်များ**

| Outcomes: | ရလဒ်များ |
|---|---|
| As a result of this session participants will be able to:<br>• List at least two functions that law can perform in preventing or reducing SGBV.<br>• Name at least two existing Myanmar Laws that address SGBV.<br>• Explain how domestic violence is defined in a law. | ဤအစီအစဉ်မှ သင်တန်းသူ၊သားတို့သည် အောက်ပါတို့ကို လုပ်ဆောင်နိုင်ပါလိမ့်မည်။<br>• လိင်ပိုင်းဆိုင်ရာ နှင့် ကျားမရေးရာအခြေပြု အကြမ်းဖက်မှု (SGVB) အား လျှော့ချခြင်း (သို့) ကာကွယ်ခြင်းများ လုပ်ဆောင်နိုင်သည့် (အကျိုးသက်ရောက်မှုရှိသည့်) ဥပဒေ၏ လုပ်ဆောင်ချက် ၂ မျိုး (အနည်းဆုံး) စာရင်းပြုစုနိုင်လိမ့်မည်။<br>• လိင်ပိုင်းဆိုင်ရာ နှင့် ကျားမရေးရာ အခြေပြု အကြမ်းဖက်မှု (SGVB) နှင့်သက်ဆိုင်သော မြန်မာနိုင်ငံတည်ဆဲဥပဒေ ၂ ခု (အနည်းဆုံး) ဖော်ပြနိုင်လိမ့်မည်။<br>• အိမ်တွင်း အကြမ်းဖက်မှုအား ဥပဒေအရ မည်သို့ အဓိပ္ပာယ် ဖွင့်ဆိုသည်ကို ရှင်းပြနိုင်လိမ့်မည်။ |

| Skills: | ကျွမ်းကျင်မှုများ |
|---|---|
| In this session participants will practice the following skills:<br>• Communication<br>• Listening<br>• Analysis<br>• Teaching or sharing ideas | ဤအစီအစဉ်တွင် သင်တန်းသူ၊သားများသည် အောက် ဖော်ပြပါ ကျွမ်းကျင်မှုများ ရရှိစေရန် လေ့ကျင့်ကြမည်။<br>• ဆက်သွယ်ပြောဆိုခြင်း<br>• နားထောင်မှု စွမ်းရည်<br>• ခွဲခြမ်းစိတ်ဖြာခြင်း<br>• အကြံဉာဏ်များအား ဝေမျှခြင်း (သို့) သင်ကြားပေးခြင်း |

| Methodologies: | သင်ကြားရေးနည်း စနစ်များ |
|---|---|
| In this session participants will practice the following training methodologies:<br>• Brainstorming<br>• Group work and presentation<br>• Jigsaw | ဤအစီအစဉ်တွင် သင်တန်းသူ၊သားများသည် အောက် ဖော်ပြပါ သင်ကြားနည်း နည်းပညာများကို လေ့ကျင့်ကြမည်။<br>• တီထွင်ကြံဆ တွေးတောခြင်း<br>• အုပ်စုလိုက်အလုပ်လုပ်ခြင်း နှင့် တင်ပြခြင်းစွမ်းရည်<br>• ဂျစ်ဆော |

## Rule of Law Principles
## တရားဥပဒေစိုးမိုးရေး စည်းမျဉ်းများ

| The following rule of law principles are relevant to this session:<br>• Equality<br>• Non-discrimination<br>• Human rights | ဤအခန်းသည် အောက်ပါ တရားဥပဒေစိုးမိုးရေး စည်းမျဉ်းများနှင့်စပ်ဆိုင်ပါသည်။<br>• တန်းတူညီမျှရှိခြင်း<br>• ခွဲခြားဆက်ဆံမှုမရှိခြင်း<br>• လူ့အခွင့်အရေးများ |
|---|---|

## Preparation
## ပြင်ဆင်ပုံ

| **Materials:** | **သင်ထောက်ကူ ပစ္စည်းများ၊** |
|---|---|
| For this session you will need:<br>• Coloured stickers<br>• Whiteboard/markers<br>• Flipchart paper | ဤအစီအစဉ်အတွက် သင်သည် အောက်ပါ အရာများကို လိုအပ်ပါလိမ့်မည်။<br>• ရောင်စုံ စတစ်ကာစာရွက်များ<br>• ဝိုက်ဘုတ်၊ မာကာများ<br>• စာရွက်ဖြူကြီး |

| **Handouts:** | **ဝေငှစာရွက်များ** |
|---|---|
| In this session, participants will use:<br>• Handout 2.3.1 Myanmar Law<br>• Handout 2.3.2 Model Penal Code<br>• Handout 2.3.3 Thai DV Act<br>• Handout 2.3.4 Cambodia DV Law<br>• Handout 2.3.5 Malaysia DV Law<br>• Handout 2.3.6 Vietnam DV Law | ဤအစီအစဉ်တွင် သင်တန်းသူ၊ သင်တန်းသားများသည် အောက်ပါတို့ကို အသုံးပြု ရပါလိမ့်မည်။<br>• ဝေငှစာရွက် ၂.၃.၁ မြန်မာနိုင်ငံ ဥပဒေ<br>• ဝေငှစာရွက် ၂.၃.၂ ပြစ်မှုဆိုင်ရာ ဥပဒေ ပုံစံ<br>• ဝေငှစာရွက်၂.၃.၃ ထိုင်းနိုင်ငံ DV အက်ဥပဒေ<br>• ဝေငှစာရွက်၂.၃.၄ ကမ္ဘောဒီးယား DV ဥပဒေ<br>• ဝေငှစာရွက်၂.၃.၅ မလေးရှား DV ဥပဒေ<br>• ဝေငှစာရွက်၂.၃.၆ ဗီယက်နမ် DV ဥပဒေ |

| **OPEN SESSION** | **(2 mins)** |
|---|---|
| **အဖွင့်အစီအစဉ်** | **(၂ မိနစ်)** |

Share session's purpose and relevant background. Write outcomes on flipchart paper and explain them. Discuss announcements and other concerns.

ဤအစီအစဉ်၏ ရည်ရွယ်ချက်နှင့် သင့်လျော်သော နောက်ခံအကြောင်းအရာကို မျှဝေပါ။ အစီအစဉ် သင်ကြားရခြင်း၏ ရလဒ်များကို စာရွက်ဖြူကြီး ပေါ်တွင် ရေးပါ။ ပြီးလျှင် ထိုအရာများကို ရှင်းပြပေးပါ။ တခြားသော အသိပေးပြောကြားစရာများ ရှိလျှင်လည်း ဆွေးနွေးပေးပါ။

| **REVIEW** | **(3 mins)** |
|---|---|
| **ပြန်လည်သုံးသပ်ခြင်း** | **( ၃ မိနစ်)** |

Link this session's outcomes to previous sessions and activities.

ဤအစီအစဉ်၏ ရလဒ်များကို ပြီးခဲ့သော အစီအစဉ်နှင့် လှုပ်ရှားမှုများနှင့် ဆက်စပ်ပေးပါ။

| FOCUSER: THE ROLE OF LAW IN SGBV | (10 mins) |
|---|---|
| Focuser – SGBV ကိစ္စရပ်တွင် ဥပဒေ၏အခန်းကဏ္ဍ | (၁၀ မိနစ်) |

**Purpose of Activity:** To encourage participants to think about the various functions that law can perform in SGBV cases.
**လုပ်ရှားမှု၏ ရည်ရွယ်ချက်-** သင်တန်းသူ၊ သင်တန်းသားများအား လိင်ပိုင်းဆိုင်ရာ နှင့် ကျားမရေးရာ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ အမှုကိစ္စများအတွက် အကျိုးသက်ရောက်မှုရှိသည့် ဥပဒေ၏ လုပ်ဆောင်ချက်အမျိုးမျိုးကို စဉ်းစားတွေး တောစေရန်

**Methodology: Brainstorming**
**သင်ကြားရေးနည်းစနစ်-** တီထွင်ကြံဆ တွေးတောခြင်း

**Handout(s):** None
**ဝေငှစာရွက်များ -** မရှိပါ

**Materials:** Whiteboard/markers
**သင်ထောက်ကူပစ္စည်းများ -** သင်ပုန်း/မာကာများ

**Instructions**
**ညွှန်ကြားချက်များ**

- Ask participants to recall the different forms of SGBV discussed in the previous session (Domestic Violence, Sexual Violence by family or community members, Sexual Harassment in the Workplace, Sexual Exploitation/Trafficking and Sexual Harassment in Public Places).
- သင်တန်းသူ၊ သင်တန်းသားများအား လေ့လာဆွေးနွေးခဲ့ပြီးသော အစီအစဉ်တွင် ပါဝင်သည့် လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာ အခြေပြု အကြမ်းဖက်မှု (SGVB) ပုံစံအမျိုးမျိုးအား ပြန်လည် စဉ်းစားစေပါ။ (အိမ်တွင်းအကြမ်းဖက်မှု၊ မိသားစုဝင် (သို့) ရပ်ကွက်ထဲရှိ လူမှ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ လုပ်ငန်းခွင်၌ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း/လူကုန်ကူးခြင်း နှင့် အများပြည်သူဆိုင်ရာ နေရာများ၌ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု)
- Ask participants to brainstorm ways that the law can be a part of preventing, stopping or helping persons who have experienced different types of SGBV.
- လိင်ပိုင်းဆိုင်ရာ နှင့် ကျားမရေးရာ အခြေပြု အကြမ်းဖက်မှု SGVB ပုံစံ အမျိုးမျိုးအား တွေ့ကြုံခံစားခဲ့ရသည့် လူများအား ကာကွယ်ပေးသော၊ တားမြစ်ပေးသော (သို့) အကူအညီပေးသော ဥပဒေပါရှိသည့် နည်းလမ်းများအား သင်တန်းသူ၊ သင်တန်းသားများကို တီထွင်ကြံဆ တွေးတောစေပါ။
- Facilitator should write participant responses on the board. Facilitators may need to help participants come up with all the items on the list below.
- သင်တန်းသူ၊ သင်တန်းသားများ၏ တုံ့ပြန်ဖြေကြားချက်များကို သင်တန်းဆရာမှ သင်ပုန်းပေါ်တွင် ရေးပေးပါ။ သင်တန်းသား၊ သင်တန်းသူများ အောက်တွင် ဖော်ပြထားသော စာရင်းထဲရှိ အရာများ ဖော်ပြဆွေးနွေးလာနိုင်စေရန် သင်တန်းဆရာမှ ကူညီပံ့ပိုးပေးရန် လိုအပ်ပါသည်။

**Notes to facilitators**
Law can fulfil a number of functions related to SGBV. These functions include:

- Punishing people who commit acts of SGBV.
- Providing for compensation for persons who experience SGBV.
- Protecting survivors by ordering the perpetrator to stay away.
- Requiring police action in SGBV cases.

- Mandating that there be special police and courts for SGBV cases.
- Requiring that police, prosecutors, and judges receive special training on SGBV.
- Requiring local governments to fund shelters for survivors of SGBV.
- Requiring medical providers to report suspected cases of SGBV to police.
- Requiring public schools to educate students about SGBV.

**သင်တန်းနည်းပြများအတွက်မှတ်စုများ**
ဥပဒေသည် SGBV နှင့် သက်ဆိုင်သော လုပ်ငန်းဆောင်ရွက်ချက်များကို ဖြည့်စွမ်း ဆောင်ရွက်ပေးနိုင်သည်။ ထိုလုပ်ငန်းဆောင်ရွက်ချက်များတွင် အောက်ပါတို့ ပါဝင်ပါသည်။

- SGBV ဆိုင်ရာ အပြုအမူများ ကျူးလွန်သူများကို ထုတ်ပြန်ကြေငြာခြင်း
- SGBV ကြုံတွေ့ခံစားခဲ့ရသည့်သူများအတွက် နစ်နာကြေး ပံ့ပိုးပေးခြင်း
- ပြစ်မှုကျူးလွန်သူအား ဝေးဝေးနေစေရန်အမိန့်ပေးခြင်းဖြင့် SGBV မှလွတ်မြောက်ခဲ့သူများအား ကာကွယ်ပေးခြင်း
- SGBV အမှုများအား ရဲများက အရေးယူ ဆောင်ရွက်ခြင်း
- SGBV အမှုများအတွက် အထူးရဲများ နှင့် တရားရုံးများ ရှိနေရန် ဥပဒေ ပြဋ္ဌာန်းခြင်း
- ရဲများ၊ ဥပဒေအရာရှိများ နှင့် တရားသူကြီးများအား SGBV ဆိုင်ရာ အထူးသင်တန်းများ ရရှိစေခြင်း
- SGBV မှ ရှင်သန်လွတ်မြောက်သူများ ခိုလှုံရန်နေရာများအတွက် ဒေသခံအုပ်ချုပ်သူများမှ ရံပုံငွေထားရှိရန်လိုအပ်ခြင်း
- သံသယရှိသော SGBV ဆိုင်ရာ အမှုများအား ရဲကို အစီရင်ခံ သတင်းပေးနိုင်ရန်အတွက် ဆေးဘက်ဆိုင်ရာ အထောက်အပံ့ပေးသူများ လိုအပ်ခြင်း
- အစိုးရကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများအား SGBV အကြောင်း အသိပညာပေးရန် လိုအပ်ခြင်း

| ACTIVITY 2: MYANMAR LAW AND SGBV | (40 mins) |
|---|---|
| **လှုပ်ရှားမှု ၂ - မြန်မာ့ဥပဒေ နှင့် လိင်ပိုင်းဆိုင်ရာ နှင့် ကျားမရေးရာ အခြေပြု အကြမ်းဖက်မှု (SGVB)** | **(၄၀ မိနစ်)** |

**Purpose of Activity:** To raise participant awareness of the primary laws used in SGBV cases in Myanmar.
**လှုပ်ရှားမှု ရည်ရွယ်ချက် -** မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော SGBV အမှုများအတွက် အသုံးပြုနေသော အဓိကအရေးကြီးသော ဥပဒေများအား သင်တန်းသူ၊ သင်တန်းသားများ သတိပြုမိစေရန်

**Methodology:** Group work and presentation
**သင်ကြားရေးနည်းစနစ် -** အုပ်စုလိုက် ဆွေးနွေးခြင်း နှင့် တင်ပြခြင်း

**Handout(s):** 2.3.1 Myanmar Laws
**ဝေငှစာရွက်များ -**၂.၃.၁ မြန်မာနိုင်ငံ ဥပဒေများ

**Materials:** Whiteboard/markers
**သင်ထောက်ကူပစ္စည်းများ-** သင်ပုန်း၊ မာကာများ

**Instructions**
**ညွှန်ကြားချက်များ**

- Divide participants into four (4) groups.
- သင်တန်းသူ၊ သင်တန်းသားများအား အဖွဲ့ ၄ ဖွဲ့ ခွဲပါ။
- Give each group one of the Myanmar Laws.
- အဖွဲ့ ၁ ဖွဲ့ စီကို မြန်မာနိုင်ငံ ဥပဒေ တခုအား ပေးပါ။
- Ask each group to read their Handout and discuss the questions at the bottom of the Handout.

- အဖွဲ့ ၁ ဖွဲ့ စီအား မိမိတို့ ရရှိထားသော ဝေငှစာရွက်များကို ဖတ်ပြီး စာရွက်အောက်တွင် ပါရှိသည့် မေးခွန်းများအား ဆွေးနွေးစေပါ။
- Tell participants that they will be asked to present their section of the law and the key points of their discussion.
- သင်တန်းသူ၊ သင်တန်းသားများအား မိမိတို့ ရရှိသော ဥပဒေအကြောင်း နှင့် မိမိတို့ အဖွဲ့အတွင်း ဆွေးနွေးထားသော အဓိက အချက်များကို တင်ပြရမည် ဖြစ်ကြောင်း ပြောပါ။
- Discussion time: 15 minutes. Presentation time 5 minutes for each group: 20 minutes total.
- ဆွေးနွေးချိန်: ၁၅ မိနစ်။ အဖွဲ့ ၁ ဖွဲ့ စီ၏ တင်ပြချိန် ၅ မိနစ်: စုစုပေါင်း မိနစ် ၂၀။

**Closing Activity (5 mins)**
**အပိတ်လှုပ်ရှားမှု (၅ မိနစ်)**
Ask participants the following questions:
သင်တန်းသူ၊ သင်တန်းသားများအား အောက်ပါမေးခွန်းများ မေးပါ။

- Are there other Myanmar laws that address SGBV?
- လိင်ပိုင်းဆိုင်ရာ နှင့် ကျားမရေးရာ အခြေပြု အကြမ်းဖက်မှု SGBV နှင့် သက်ဆိုင်သော အခြား မြန်မာ့ဥပဒေများ ရှိပါသလား။
- Are they aware of any pending or draft laws in Myanmar that will address SGBV?
- လိင်ပိုင်းဆိုင်ရာ နှင့် ကျားမရေးရာ အခြေပြု အကြမ်းဖက်မှု SGBV နှင့် သက်ဆိုင်သည့် မြန်မာနိုင်ငံရှိ ဆိုင်းငံ့ထားသော (သို့) ဥပဒေကြမ်းများ သတိပြုမိပါသလား။
- Are there SGBV laws in other countries that would be useful in Myanmar?
- အခြားနိုင်ငံများရှိ လိင်ပိုင်းဆိုင်ရာ နှင့် ကျားမရေးရာ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ ဥပဒေများထဲမှ မြန်မာနိုင်ငံအတွက် အသုံးဝင်သော ဥပဒေများ ရှိပါသလား။

| **ACTIVITY 3: DOMESTIC VIOLENCE** | **(30 mins)** |
|---|---|
| **လှုပ်ရှားမှု ၃ - အိမ်တွင်း အကြမ်းဖက်မှု** | **(၃၀ မိနစ်)** |
| **Purpose of Activity:** To raise participant awareness of model and regional legislation addressing domestic violence.<br>**လှုပ်ရှားမှု၏ ရည်ရွယ်ချက်** - အိမ်တွင်းအကြမ်းဖက်မှုပုံစံနှင့် ၎င်းနှင့် သက်ဆိုင်သည့်ဥပဒေကို သင်တန်းသူ၊ သင်တန်းသားများ ပိုမို သတိထားမိစေရန်။<br><br>**Methodology:** Jigsaw<br>**သင်ကြားရေးနည်းစနစ်** - ဂျစ်ဆော<br><br>**Handouts:** Handout 2.3.2 Model Penal Code<br>Handout 2.3.3 Thai DV Act<br>Handout 2.3.4 Cambodia DV Law<br>Handout 2.3.5 Malaysia DV Law<br>Handout 2.3.6 Vietnam DV Law<br>**ဝေငှစာရွက်များ** - ဝေငှစာရွက် ၂.၃.၂ ရာဇသတ်ကြီး<br>ဝေငှစာရွက် ၂.၃.၃ ထိုင်း DV အက်ဥပဒေ<br>ဝေငှစာရွက်၂.၃.၄ ကမ္ဘောဒီးယား DV ဥပဒေ | |

ဝေငှစာရွက် ၂.၃.၅ မလေးရှား DV ဥပဒေ

ဝေငှစာရွက် ၂.၃.၆ ဗီယက်နမ် DV ဥပဒေ

**Materials:** Coloured Stickers, each expert should have enough copies of his document to share with his teaching group

**သင်ထောက်ကူပစ္စည်းများ -** ရောင်စုံစတစ်ကာ စက္ကူများ၊ ကျွမ်းကျင်သူတစ်ဦးချင်းစီ( သင်တန်းဆရာ) သည် မိမိသင်ကြားမည့် သင်တန်းသူ၊ သင်တန်းသား အုပ်စု အရေအတွက်အရ စာရွက်စာတမ်းများကို လုံလောက်စွာ ကော်ပီ ကူးထားရမည်။

**Instructions**

**ညွှန်ကြားချက်များ**

- Ask participants to reflect on the different types of SGBV discussed in Session 5 (Domestic Violence, Sexual Violence, Sexual Harassment in the Workplace, Trafficking)
- သင်တန်းသူ၊ သင်တန်းသားများအား အစီအစဉ် ၅ တွင် ဆွေးနွေးခဲ့သော SGBV အမျိုးအစားအမျိုးမျိုးအား ပြန်လည်တွေးတောစေပါ။ (အိမ်တွင်းအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ ကထိကပါး ပြုမှု၊ လူကုန်ကူးမှု)
- Ask participants if the laws they just discussed address all of these types of SGBV.
- ၎င်းတို့ ဆွေးနွေးခဲ့သော ဥပဒေများသည် ဤ SGBV ပုံစံများနှင့် သက်ဆိုင်မှု ရှိပါသလားဟု သင်တန်းသူ၊ သင်တန်းသားများအား မေးပါ။
- If it has not been mentioned before, ask participants if they are aware that there is pending legislation in Myanmar that will combat domestic violence.
- မြန်မာနိုင်ငံတွင် အိမ်တွင်းအကြမ်းဖက်မှုအား တိုက်ဖျက်ချေမှုန်းသော ဆိုင်းငံ့ထားသည့် ဥပဒေ ရှိသည်ကို သတိထားမိပါသလားဟု မေးပါ။ (အထက်တွင် မမေးရသေးလျှင်)
- Ask if any of the participants have been involved in advocating for the Myanmar law against domestic violence. If yes, ask them to share their experience. (5 mins)
- အိမ်တွင်း အကြမ်းဖက်မှုအား ဆန့်ကျင်သည့် မြန်မာ့ဥပဒေအား ရှင်းလင်းပြောပြရာ၌ ပါဝင်ဖူးပါသလားဟု သင်တန်းသူ၊ သင်တန်းသားများအား မေးပါ။ ပါဝင်ဖူးလျှင် ၎င်းတို့၏ အတွေ့အကြုံများကို မျှဝေပေးရန် ပြောပါ။ (၅ မိနစ်)
- Tell participants that many countries including Asian countries have a law that protects family members from violence in the home.
- အာရှနိုင်ငံများ အပါအဝင် နိုင်ငံအများစု၌ မိသားစုဝင်များအား အိမ်တွင်း အကြမ်းဖက်မှုမှ ကာကွယ်သည့် ဥပဒေ ရှိသည်ကို သင်တန်းသူ၊ သင်တန်းသားများအား ပြောပြပါ။
- Tell participants that they are going to study a few of these examples using the jigsaw method.
- သင်တန်းသူ၊ သင်တန်းသားများအား ၎င်းတို့သည် ထိုဥပမာများအား ဂျစ်ဆောသင်ကြားနည်း နည်းပညာအား အသုံးပြု၍ လေ့လာကြရမည်ဖြစ်ကြောင်း ပြောပါ။
- Tell participants that there will be five groups. Each group will receive a section of a law on domestic violence. Each group will study their section and discuss the important parts to share with their teaching group. (10 mins)
- သင်တန်းသူ၊ သင်တန်းသားများအား အုပ်စု ၄ စု ရှိမည် ဖြစ်ကြောင်းပြောပါ။ အုပ်စု ၁ စုစီသည် အိမ်တွင်းအကြမ်းဖက်မှုနှင့် သက်ဆိုင်သော ဥပဒေ တခုစီ ရရှိလိမ့်မည်။ ပြီးလျှင် ၎င်း အုပ်စု ၁ စု စီသည် ၎င်းတို့ ရရှိထားသော အပိုင်းအား လေ့လာရမည်ဖြစ်ပြီး ၎င်းတို့၏ သင်ကြားရေး အုပ်စုအား ပြန်လည် ဝေငှပေးရန် အရေးကြီးသော အပိုင်းများအား ဆွေးနွေးထားရမည်။ ( ၁၀ မိနစ်)
- Give each member of the expert group a different coloured sticker.
- ကျွမ်းကျင်အုပ်စု၏ အဖွဲ့ဝင်တဦးချင်းစီအား အရောင်မတူသော စတစ်ကာများ ပေးပါ။
- Ask participants to re-group according to their color.
- သင်တန်းသူ၊ သင်တန်းသားများအား မိမိတို့ ရရှိထားသော အရောင်အလိုက် အုပ်စု ပြန်ဖွဲ့စေပါ။
- Ask participants to share their section of the law and teach the new group members. (10 mins)

- သင်တန်းသူ၊ သင်တန်းသားများအား မိမိတို့ လေ့လာထားသော ဥပဒေအား အုပ်စုအသစ်တွင် သင်ကြားဝေမျှပေးရန် ပြောပါ။ (၁၀ မိနစ်)

**Notes to facilitators**

The jigsaw activity requires facilitators to divide the participants into two sets of groups:

1. The initial expert group-there should be one group for each document; and
2. The subsequent teaching group who are experts from each document group.

For the jigsaw activity to work, facilitator must plan how they will divide the participants into groups at the beginning of the session. The number of documents to be studied and number of people per group will depend on the overall number of participants. Here are some examples to guide the facilitators in forming groups for each stage: experts and teaching groups:

-25 participants: (1) 5 groups of 5 participants; (2) 5 groups of 5 participants

-20 participants: (1) 5 groups of 4 participants; (2) 4 groups of 5 participants

Give each member of the initial group a different colored sticker. When it is time for teaching, all persons with the same color should be in the same group. This will allow for an expert from each of the initial groups.

**သင်တန်းနည်းပြများအတွက်မှတ်စုများ**

ဂျစ်ဆော လုပ်ငန်း၌ သင်တန်းနည်းပြမှ သင်တန်းသူ၊ သင်တန်းသားများအား အုပ်စု ၂ ကြိမ် ခွဲရန် လိုအပ်ပါသည်။

၁။ ကျွမ်း ကျင်အုပ်စု - ဝေငှစာရွက်စာတမ်း တခုစီအတွက် အုပ်စု ၁ စု ဖြစ်သင့်သည်။ (ဝေငှစာရွက်စာတမ်း ၅ ခု ရှိလျှင် အုပ်စု ၅ စု ဖြစ်သင့်)

၂။ နောက် အုပ်စု ခွဲခြင်းသည် မိမိတို့ လေ့လာထားသော စာရွက်စာတမ်း တခုစီအား ပြန်လည် သင်ကြားမည့် ကျွမ်းကျင်သူများပါဝင်သော အုပ်စု

ဂျစ်ဆောလုပ်ငန်း လုပ်ဆောင်ရန်အတွက် သင်တန်းနည်းပြမှ သင်တန်းသူ၊သားများအား အုပ်စု မည်ကဲ့သို့ ခွဲမည်ကို အစီအစဉ် အစ၌ပင် စီစဉ်ထားရမည်။ လေ့လာရမည့် စာရွက်စာတမ်း အရေအတွက်နှင့် အုပ်စုတစု၌ ပါဝင်သည့် အဖွဲ့ဝင် အရေအတွက်သည် သင်တန်းသူ၊ သင်တန်းသား စုစုပေါင်းပေါ်တွင် မူတည်သည်။

အောက်ပါတို့သည် သင်တန်းနည်းပြအား အဆင့်တခုစီအတွက် အုပ်စု မည်ကဲ့သို့ ဖွဲ့သည်ကို လမ်းညွှန်ပေးသည့် ဥပမာများ ဖြစ်သည်။ ကျွမ်းကျင်အုပ်စုများ နှင့် သင်ကြားပေးမည့် အုပ်စုများ

- သင်တန်းသူ/သား ၂၅ ယောက် : (၁) သင်တန်းသူ/သား ၅ ယောက်ပါဝင်သော အုပ်စု ၅ စု
(၂) သင်တန်းသူ/သား ၅ ယောက်ပါဝင်သော အုပ်စု ၅ စု

- သင်တန်းသူ/သား ၂၀ ယောက် : (၁) သင်တန်းသူ/သား ၄ ယောက်ပါဝင်သော အုပ်စု ၅ စု
(၂) သင်တန်းသူ/သား ၅ ယောက်ပါဝင်သော အုပ်စု ၄ စု

ပထမအုပ်စု (ကျွမ်းကျင်အုပ်စု)မှ မန်ဘာများအား အရောင်မတူသော စတစ်ကာများ ပေးပါ။

သင်ကြားရမည့် အချိန်ရောက်လျှင် အရောင်တူသည့် သင်တန်းသူ/သားများ အားလုံးသည် အုပ်စုတစုတည်း ဖြစ်ရမည်။ ဤသို့ ပြုလုပ်ခြင်းသည် ကျွမ်းကျင်အုပ်စုများမှ ကျွမ်းကျင်သူ တယောက်ချင်းစီအား သင်ကြားမည့် အုပ်စုတစုထဲတွင် အတူတကွ ရှိနေစေရန် ပြုလုပ်ပေးသည်။

**Closing Activity (5 mins)**

**အပိတ်လှုပ်ရှားမှု (၅ မိနစ်)**

Ask participants the following questions:

သင်တန်းသူ/သားများအား အောက်ပါ မေးခွန်းများကို မေးပါ။

- Were they surprised by any of the laws that they learned about during this session?
- ဤအစီအစဉ်၌ လေ့လာခဲ့သော မည်သည့် ဥပဒေများသည် သင်တန်းသူ/သားများ အံ့သြ စေခဲ့ပါသလား။

- What makes domestic violence so difficult to define?
- အိမ်တွင်းအကြမ်းဖက်မှုအား အဓိပ္ပာယ် ဖွင့်ဆိုရန် မည်သည်က ခက်ခဲစေပါသနည်း။
- Why are some groups opposed to laws against domestic violence?
- အချို့အုပ်စုများက အဘယ့်ကြောင့် အိမ်တွင်းအကြမ်းဖက်မှုအား ဆန့်ကျင်သည့်ဥပဒေများကို ဆန့်ကျင်ကြပါသနည်း။
- Can we talk about rule of law principles being applied in the home?
- အိမ်တွင် ကျင့်သုံးလို့ရသည့် တရားဥပဒေ စိုးမိုးရေးမူများအကြောင်း ပြောပါ။

| SUMMARY AND EVALUATION | (5 mins) |
|---|---|
| **အကျဉ်းချုပ်ခြင်းနှင့် သုံးသပ်ရန်** | **(၅ မိနစ်)** |

Ask participants the following questions:
သင်တန်းသူ၊ သားများအား အောက်ပါ မေးခွန်းများ မေးပါ။

- How can Myanmar law be effective against SGBV?
- SGBV အား ဆန့်ကျင်သည့် မြန်မာ့ဥပဒေအား မည်ကဲ့သို့ ထိရောက်အောင် လုပ်နိုင်ပါမည်နည်း။
- In your opinion, what is the most important function of law in Myanmar in relation to SGBV?
- SGBV နှင့် ပတ်သက်သည့် မြန်မာနိုင်ငံရှိ ဥပဒေ၏ အရေးအကြီးဆုံးဖြစ်သော လုပ်ငန်းဆောင်ရွက်ချက်သည် အဘယ်နည်း။ (သင့် ထင်မြင်ချက်ကို ပြောပါ)
- How can rule of law support legal reform related to SGBV?
- SGBV နှင့် ပတ်သက်သည့် ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုအား တရားဥပဒေစိုးမိုးရေးက မည်သို့ အထောက်အကူပြုပါသနည်း။

## Handout 2.3.1: Myanmar Laws
## ဝေငှစာရွက် (၂.၃.၁) - မြန်မာဥပဒေများ

**(Group 1)**

**Penal Code in Myanmar**[1]

375. A man is said to commit "rape" who, except in the case hereinafter except, has sexual intercourse with a woman under circumstances falling under any of the five following descriptions

**First.--** Against her will.

**Secondly.**-- Without her consent.

**Thirdly**-- With her consent, when her consent has been obtained by putting her in fear of death or of hurt.

**Fourthly.** -- With her consent, when the man knows that he is not her husband, and that her consent is given because she believes that he is another man to whom she is or believes herself to be lawfully married.

**Fifthly.** -- —With or without her consent, when she is under sixteen years.

Explanation.-- Penetration is sufficient to constitute the sexual intercourse necessary to the offence of rape.

Exception.-- Sexual intercourse by a man with his own wife, the wife not being under fifteen years of age, is not rape.

376. Whoever commits rape shall be punished with imprisonment for a term of twenty (20) years, or with imprisonment of either description for a term which may extend to ten years, and shall also be liable to fine, unless the woman raped is his own wife and is not under twelve years of age, in which case he shall be punished with imprisonment of either description for a term which may extend to two years, or with fine, or with both.

**Questions:**

1. What does the law do? (Look at the list created in Activity One).
2. Who does it protect?
3. Who does it punish?
4. What is missing from the law? Are there people it should protect, but does not? Are there people who should be punished that are not included?
5. Is the consequence or punishment sufficient?

**အဖွဲ့(၁)**

**မြန်မာနိုင်ငံ ရာဇသတ်ကြီး**

**ပုဒ်မ-၃၇၅။** ဤမှနောက်တွင် ကင်းလွတ်ချက်ပြုထားသည်မှတပါး၊ အောက်ဖေါ်ပြပါအကြောင်းငါးရပ်တွင် သက်ဝင်သော အကြောင်းတရပ်ရပ်ဖြင့် ယောကျ်ားသည် မိန်းမနှင့် ကာမစပ်ယှက်လျှင်၊ ထိုသူသည် "မုဒိမ်းမှု" ကို ကျူးလွန်သည်မည်၏။

**ပဌမ။** ။ မိန်းမကအလိုမတူငြင်းဆန်ခြင်း။

**ဒုတိယ။** ။ မိန်းမကခွင့်မပြုခြင်း။

**တတိယ။** ။ မိန်းမကခွင့်ပြုသော်လည်း၊ ထိုသို့ခွင့်ပြုရခြင်းမှာ၊ ထိုမိန်းမအား သေစေမည်ဟုသော်၎င်း၊ နာကျင်စေမည်ဟုသော်၎င်း ကြောက်ရွံ့အောင် ပြုသဖြင့် ခွင့်ပြုရခြင်း။

**စတုတ္ထ။** ။ မိန်းမက ခွင့်ပြုသော်လည်း၊ ယောကျ်ားက မိမိသည် ထိုမိန်းမ၏ လင်မဟုတ်ကြောင်း သိသည့်ပြင် ထိုမိန်းမက ခွင့်ပြုခြင်းမှာလည်း မိမိကိုဥပဒေနှင့်အညီ လက်ထပ်ထားသော၊ သို့တည်းမဟုတ် ထိုသို့ လက်ထပ်ထားသည်ဟု ယုံကြည်သော အခြားယောကျ်ားဖြစ်သည်ဟု ယုံကြည်၍သာ ခွင့်ပြုကြောင်းကို ထိုယောကျ်ားကသိခြင်း။

[1] Please note that this is just one of the laws that can be used to punish people who commit SGBV. There are many other laws that can be used. You can think of this as one example.

**မဥ္စမ။** ။ မိန်းမကခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ ထိုမိန်းမသည် အသက်ဆယ့်ခြောက်နှစ် အောက်အရွယ်ရှိ သူဖြစ်ခြင်း။
**ရှင်းလင်းချက်။** ။ ယောက်ျား၏အင်္ဂါဇာတ်သည် မိန်းမ၏အင်္ဂါဇာတ်တွင် သွင်းဝင်မိလျှင်၊ မုဒိမ်းမှုကျူးလွန်ခြင်း အတွက် လိုအပ်သော ကာမစပ်ယှက်မှုမြောက်ရန် လုံလောက်သည်။

**ကင်းလွတ်ချက်။** ။ ယောက်ျားသည် အသက်ဆယ့်ငါးနှစ်အောက် မဟုတ်သော မိမိ၏မယားနှင့် ကာမစပ်ယှက်ခြင်းမှာ မုဒိမ်းမှုမဟုတ်။

**ပုဒ်မ- ၃၇၆။** ။ မုဒိမ်းမှု ကျူးလွန်သူကို ထောင်ဒဏ် နှစ် (၂၀) ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်တမျိုးမျိုးဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ မုဒိမ်းကျင့်ခံရသောမိန်းမသည် မိမိ၏မယားဖြစ်၍၊ အသက်တဆယ့်နှစ်နှစ်အောက် မဟုတ်လျှင်မူကား မုဒိမ်းကျင့်သောထိုလင်ကို နှစ်နှစ်ထိ ထောင်ဒဏ်တမျိုးမျိုးဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

မေးခွန်းများ
၁။ ဥပဒေသည် ဘာကို ပြုလုပ်ပေးပါသလဲ။ (လှုပ်ရှားမှု ၁ တွင် ဖန်တီးထားသော စာရင်းကို ကြည့်ပါ။)
၂။ ၎င်းသည် ဘယ်သူ့ကို ကာကွယ်ပေးပါသလဲ။
၃။ ၎င်းသည် ဘယ်သူ့ကို အပြစ်ပေးပါသလဲ။
၄။ ဥပဒေ၌ ဘာ လစ်ဟာနေပါသလဲ။ ဥပဒေက ကာကွယ်ပေးသင့်သော်လည်း မကာကွယ်ပေးဖြစ်တဲ့ လူတွေ ရှိနေပါသလား။ ဥပဒေအားဖြင့် အပြစ်ပေးသင့်သော်လည်း အပြစ်ပေးရခံရမည့်လူတွေထဲ မပါဝင်ခဲ့တဲ့ လူတွေ ရှိနေပါသလား။
၅။ အကျိုးသက်ရောက်မှု (သို့) အပြစ်ပေးမှုသည် လုံလောက်မှု ရှိပါသလား။

**(Group 2)**

**Penal Code in Myanmar**[2]

319. Whoever causes bodily pain, disease, or infirmity to any person is said to cause hurt.

320. The following kinds of harm only are designated as “grievous”-

**Firstly**—Emasculation

**Secondly**— Permanent deprivation of the sight of either eye.

**Thirdly**-- Permanent deprivation of the hearing of either ear.

**Fourthly**— Deprivation of any member of joint.

**Fifthly**—Destruction or permanent impairment of the powers of any member of joint.

**Sixthly**—Permanent disfiguration of the head or face.

**Seventhly**—Fracture or dislocation of a bone or tooth.

**Eighthly**—Any hurt which endangers life or which causes the sufferer to be, during the space of twenty days, in severe bodily pain, or unable to follow his ordinary pursuit.

323. Whoever, […], voluntarily causes hurt shall be punished with imprisonment of either description for a term which may extend to one year, or with fine, which may extend to one hundred thousand kyats, or with both.

325. Whoever, […], voluntarily causes grievous hurt shall be punished with imprisonment of either description for a term which may extend to seven years and shall also be liable for a fine.

**Questions:**

1. What does the law do? (Look at the list created in Activity One).

[2] Please note that this is just one of the laws that can be used to punish people who commit SGBV. There are many other laws that can be used. You can think of this as one example.

2. Who does it protect?
3. Who does it punish?
4. What is missing from the law? Are there people it should protect, but does not? Are there people who should be punished that are not included?
5. Is the consequence or punishment sufficient?

**အဖွဲ့(၂)**
**မြန်မာနိုင်ငံ ရာဇသတ်ကြီး**
**ပုဒ်မ- ၃၁၉။ ။ မည်သူမဆို၊ တဦးတယောက်သောသူအား ကိုယ်အသားနာကျင်အောင်၊ သို့တည်းမဟုတ် အနာရောဂါစွဲကပ်အောင်၊ သို့တည်းမဟုတ် ချည့်နဲ့အောင် ပြုလျှင်၊ ထိုသူသည် နာကျင်စေမှုကို ပြုသည်မည်၏။**

**ပုဒ်မ-၃၂၀။** အောက်ပါနာကျင်စေမှုများသာလျှင် "အပြင်းအထန်" နာကျင်စေမှုမည်၏။

ပဌမ။ ။လူကိုသင်းကွပ်ခြင်း။

ဒုတိယ။ ။လူ၏မျက်စိတဖက်ဖက်ကို အမြဲမမြင်အောင်ပြုခြင်း။

တတိယ။ ။လူ၏ နားတဖက်ဖက်ကို အမြဲမကြားအောင်ပြုခြင်း။

စတုတ္ထ။ ။ကိုယ်လက်အင်္ဂါ အဆစ်အမျက်တခုခု ကျိုးပဲ့အောင်ပြုခြင်း။

ပဥ္စမ။ ။ကိုယ်လက်အင်္ဂါ အဆစ်အမျက် တခုခု၏ အင်အားကို ဖျက်ဆီးခြင်း။ သို့တည်းမဟုတ် အမြဲချို့တဲ့အောင်ပြုခြင်း။

ဆဌမ။ ။ဦးခေါင်းကိုဖြစ်စေ၊ မျက်နှာကိုဖြစ်စေ၊ အမြဲအရုပ်ဆင်းပျက်အောင်ပြုခြင်း။

သတ္တမ။ ။အရိုးကို၊ သို့တည်းမဟုတ် သွားကို ကျိုးအက်ကွဲအောင်ဖြစ်စေ၊ တိမ်းလွဲအောင်ဖြစ်စေ ပြုခြင်း။

အဌမ။ ။အသက်ကို အန္တရာယ်ရာယ်ဖြစ်စေအောင်၊ သို့တည်းမဟုတ် နာကျင်ခံရသူသည် ရက်ပေါင်းနှစ်ဆယ်အတွင်း ကိုယ်အင်္ဂါအပြင်းအထန် ဝေဒနာခံရအောင်၊ သို့တည်းမဟုတ် ရက်ပေါင်းနှစ်ဆယ်အတွင်း မိမိလုပ်ဆောင်မြဲအလုပ်အကိုင်တို့ကို မလုပ်ကိုင်နိုင်အောင်နာကျင်စေခြင်း။

ပုဒ်မ- ၃၂၃။ ။ မည်သူမဆို၊ တဦးတယောက်သောသူအား မိမိအလိုအလျောက် နာကျင်စေလျှင် ထိုသူကို တနှစ်ထိ ထောင်ဒဏ် တမျိုးမျိုးဖြစ်စေ၊ တသိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ- ၃၂၅။ ။ မည်သူမဆို၊ တဦးတယောက်သောသူအား မိမိအလိုလျောက် အပြင်းအထန် နာကျင်စေလျှင်၊ ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တမျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

မေးခွန်းများ
၁။ ဥပဒေသည် ဘာကို ပြုလုပ်ပေးပါသလဲ။ (လှုပ်ရှားမှု ၁ တွင် ဖန်တီးထားသော စာရင်းကို ကြည့်ပါ။)
၂။ ၎င်းသည် ဘယ်သူ့ကို ကာကွယ်ပေးပါသလဲ။
၃။ ၎င်းသည် ဘယ်သူ့ကို အပြစ်ပေးပါသလဲ။
၄။ ဥပဒေ၌ ဘာ လစ်ဟာနေပါသလဲ။ ဥပဒေက ကာကွယ်ပေးသင့်သော်လည်း မကာကွယ်ပေးဖြစ်တဲ့ လူတွေ ရှိနေပါသလား။ ဥပဒေအားဖြင့် အပြစ်ပေးသင့်သော်လည်း အပြစ်ပေးရခံရမည့်လူတွေထဲ မပါဝင်ခဲ့တဲ့ လူတွေ ရှိနေပါသလား။
၅။ အကျိုးသက်ရောက်မှု (သို့) အပြစ်ပေးမှုသည် လုံလောက်မှု ရှိပါသလား။

**(Group 3)**
**The Anti-Trafficking in Persons Law[3]**
3. The expression contained in this law shall have the meanings given here under:-

[3] Please note that this is just one of the laws that can be used to punish people who commit SGBV. There are many other laws that can be used. You can think of this as one example.

(a) Trafficking in Persons means recruitment, transportation, transfer, sale, purchase, lending, hiring, harboring or receipt of persons after committing any of the following acts for the purpose of exploitation of a person with or without his or her consent;

(1) threat, use of force or other form of coercion;

(2) abduction

(3) fraud

(4) deception

(5) abuse of power or of position taking advantage of the vulnerability of a person

(6) giving or receiving of money or benefit to obtain the consent of the person having control over another person.

Chapter IX

Offenses and Penalties

24. Whoever is guilty of trafficking in persons especially women, children and youth, shall on conviction be punished with imprisonment for a term which may extend from a minimum of ten 10 years to a maximum of imprisonment for life and may also be liable to a fine.

25. Whoever is guilty of trafficking in persons other than women, children, and youth shall, on conviction be punished with imprisonment for a term which may extend form a minimum of 5 years to a maximum of 10 years and may also be liable to a fine.

**Questions:**

1. What does the law do? (Look at the list created in Activity One).
2. Who does it protect?
3. Who does it punish?
4. What is missing from the law? Are there people it should protect, but does not? Are there people who should be punished that are not included?
5. Is the consequence or punishment sufficient?

**အဖွဲ့ (၃)**

**လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေ**

**၃။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-**

**(က) လူကုန်ကူးမှု** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားသူ တစ်ဦးတစ်ယောက်ကို ထိုသူ၏ သဘောတူညီချက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်ခြင်းပြုရန် အလို့ငှာ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ပြုလုပ်ပြီး လူများကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကိုဆိုလိုသည်။

(၁) ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊

(၂) သွေးဆောင်ခေါ်ယူခြင်း၊

(၃) လိမ်လည်ခြင်း၊

(၄) လှည့်ဖြားခြင်း၊

(၅) အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း သို့မဟုတ် ဘဝရပ်တည်ရန် ခက်ခဲနေသောအခြေအနေကို အလွဲသုံးစားပြုခြင်း၊

(၆) တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက် ရရှိရန် ငွေကြေး သို့မဟုတ် အကျိုးအမြတ်ကိုပေးခြင်း သို့မဟုတ် လက်ခံရယူခြင်း။

ပုဒ်မ-၂၄။ မည်သူမဆို အမျိုးသမီးများ ကလေးသူငယ်နှင့် လူငယ်များအား လူကုန်ကူးမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၁၀နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက် အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

ပုဒ်မ-၂၅။ မည်သူမဆို အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များမှအပ အခြားသူတစ်ဦးဦးကို လူကုန်ကူးမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ၅ နှစ်မှ အများဆုံး ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

မေးခွန်းများ

၁။ ဥပဒေသည် ဘာကို ပြုလုပ်ပေးပါသလဲ။ (လှုပ်ရှားမှု ၁ တွင် ဖန်တီးထားသော စာရင်းကို ကြည့်ပါ။)

၂။ ၎င်းသည် ဘယ်သူ့ကို ကာကွယ်ပေးပါသလဲ။

၃။ ၎င်းသည် ဘယ်သူ့ကို အပြစ်ပေးပါသလဲ။

၄။ ဥပဒေ၌ ဘာ လစ်ဟာနေပါသလဲ။ ဥပဒေက ကာကွယ်ပေးသင့်သော်လည်း မကာကွယ်ပေးဖြစ်တဲ့ လူတွေ ရှိနေပါသလား။ ဥပဒေအားဖြင့် အပြစ်ပေးသင့်သော်လည်း အပြစ်ပေးရခံရမည့်လူတွေထဲ မပါဝင်ခဲ့တဲ့ လူတွေ ရှိနေပါသလား။

၅။ အကျိုးသက်ရောက်မှု (သို့) အပြစ်ပေးမှုသည် လုံလောက်မှု ရှိပါသလား။

**(Group 4)**

**1993 Child Law**[4]

2. (a) Child means any person who has not attained the age of 16 years;

66. Whoever commits any of the following acts shall, on conviction be punished with imprisonment for a term which may extend to 2 years or with fine which may extend to kyats 10,000 or with both:

(a) neglecting knowingly that a girl under his guardianship, who has not attained the age of 16 is earning a livelihood by prostitution; (b) permitting a child under his guardianship to live together or to consort with a person who earns a livelihood by prostitution;

(c) employing a child to beg for his personal benefit; failing to prevent a child under his guardianship from begging; making use of the child in any manner in his livelihood of begging;

(d) willfully maltreating a child, with the exception of the type of admonition by a parent, teacher or a person having the right to control the child, which is for the benefit of the child;

(f) using the child in pornographic cinema, video, television photography.

**Questions:**

1. What does the law do? (Look at the list created in Activity One).
2. Who does it protect?
3. Who does it punish?
4. What is missing from the law? Are there people it should protect, but does not? Are there people who should be punished that are not included?
5. Is the consequence or punishment sufficient?

**အဖွဲ့ (၄)**

**၁၉၉၃ ကလေးသူငယ် ဥပဒေ**

ပုဒ်မ ၂ (က)။ ကလေးသူငယ်ဆိုသည်မှာ အသက် (၁၆) နှစ် မပြည့်သေးသောသူကို ဆိုသည်၊

**ပုဒ်မ-၆၆။** မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကိုကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအားထောင်ဒဏ် ၂ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) မိမိအုပ်ထိန်းမှုအောက်ရှိအသက် ၁၆ နှစ် မပြည့်သေးသော မိန်းကလေးသည် ပြည့်တန်ဆာမအဖြစ် အသက်မွေးဝမ်းကျောင်း ပြုနေသည်ကို သိလျက်နှင့် တမင်လျစ်လျူရှုထားခြင်း၊

4 Please note that this is just one of the laws that can be used to punish people who commit SGBV. There are many other laws that can be used. You can think of this as one example.

(ဂ) မိမိကိုယ်ကျိုးစီးပွားအတွက် ကလေးသူငယ်အား တောင်းရမ်းခိုင်းခြင်း၊ မိမိအုပ်ထိန်းမှုအောက်ရှိ ကလေးသူငယ်တောင်းရမ်းစားသောက်နေသည်ကို တားမြစ်ရန် ပျက်ကွက်ခြင်း၊ မိမိက တောင်းရမ်းစားသောက်ရာတွင် ကလေးသူငယ်ကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်း၊

(ဃ) မိဘ၊ ဆရာ သို့မဟုတ် အုပ်ထိန်းခွင့်ရှိသူက လိမ္မာစေရန် ဆုံးမခြင်းမျိုးမှတစ်ပါး ကလေးသူငယ်အား တမင်နှိပ်စက်ညှဉ်းပန်းခြင်း၊

(င) ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ် သို့မဟုတ် မှုခင်းတစ်ရပ်ရပ်တွင် သက်သေအဖြစ်ပါဝင်သော ကလေးသူငယ်သည် မည်သူမည်ဝါဖြစ်ကြောင်း သိသာထင်ရှားစေနိုင်သော သတင်းအချက်အလက်များကို သက်ဆိုင်ရာ ကလေးသူငယ်တရားရုံး၏ ကြိုတင် ခွင့်ပြုချက် မရရှိဘဲ ရေဒီယို၊ ရုပ်ရှင်၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ် သို့မဟုတ် စာစောင်တွင် ထည့်သွင်း ဖော်ပြခြင်း၊ ကြေညာခြင်း၊

(စ) ကလေးသူငယ်အား ညစ်ညမ်းသော ရုပ်ရှင်၊ ဗွီဒီယို၊ ရုပ်မြင်သံကြား သို့မဟုတ် ဓာတ်ပုံရိုက်ကူးခြင်း။

မေးခွန်းများ

၁။ ဥပဒေသည် ဘာကို ပြုလုပ်ပေးပါသလဲ။ (လှုပ်ရှားမှု ၁ တွင် ဖန်တီးထားသော စာရင်းကို ကြည့်ပါ။)

၂။ ၎င်းသည် ဘယ်သူ့ကို ကာကွယ်ပေးပါသလဲ။

၃။ ၎င်းသည် ဘယ်သူ့ကို အပြစ်ပေးပါသလဲ။

၄။ ဥပဒေ၌ ဘာ လစ်ဟာနေပါသလဲ။ ဥပဒေက ကာကွယ်ပေးသင့်သော်လည်း မကာကွယ်ပေးဖြစ်တဲ့ လူတွေ ရှိနေပါသလား။ ဥပဒေအားဖြင့် အပြစ်ပေးသင့်သော်လည်း အပြစ်ပေးရခံရမည့်လူတွေထဲ မပါဝင်ခဲ့တဲ့ လူတွေ ရှိနေပါသလား။

၅။ အကျိုးသက်ရောက်မှု (သို့) အပြစ်ပေးမှုသည် လုံလောက်မှု ရှိပါသလား။

# Handout 2.3.2: Thai Domestic Violence Act
# ဝေငှစာရွက် (၂.၃.၂) - ထိုင်းနိုင်ငံ၏ အိမ်တွင်းအကြမ်းဖက်မှုဥပဒေ

**Section 3**

In this Act:

- "Domestic violence" means any act done with the intention to or in the manner likely to cause harm to the body, mind or health of a family member or to exert coercion or immoral influence over a family member in order to wrongfully cause him to do, not to do or yield to any act, but not including an act done negligently;

  From the **DOMESTIC VIOLENCE VICTIM PROTECTION ACT, BE 2550 (2007). Kingdom of Thailand.** Available at: http://library.siam-legal.com/thai-law/domestic-violence-act-general-sections-1-3/

**ပုဒ်မ ၃**

ဤပုဒ်မ၌ -

- အိမ်တွင်းအကြမ်းဖက်မှု ဆိုသည်မှာ ပေါ့လျော့မှုကြောင့် ဖြစ်ပွားလာသည့် လုပ်ဆောင်ချက်များကို မဆိုလိုဘဲ မိသားစုအတွင်းရှိ မိသားစုဝင်တစ်ဦးဦးအား ကိုယ်၊ စိတ်၊ သို့မဟုတ် ကျန်းမာရေး ထိခိုက်ဒဏ်ရာရစေရန် ရည်ရွယ်ချက်ဖြင့် သို့မဟုတ် ကြံရွယ်ချက်ဖြင့် ထိုသို့ဖြစ်စေနိုင်မည့် လုပ်ဆောင်ချက်တစ်ရပ်ရပ်ကို လုပ်ဆောင်ခြင်း သို့မဟုတ် အတင်းအကြပ် အနိုင်အထ ထက်ပြုခြင်း သို့မဟုတ် မှားယွင်းသော လုပ်ဆောင်ချက်တစ်ရပ်ရပ်ကို လုပ်ဆောင်စေခြင်းအလို့ငှာ လော်လည်သော၊ အကျင့် ပျက်သော လွှမ်းမိုးမှုပြုခြင်းကို ဆိုလိုပါသည်။

  ထိုင်းနိုင်ငံ၏ အိမ်တွင်းအကြမ်းဖက်မှုကိုကာကွယ်ပေးသည့်ဥပဒေ၊ BE 2550 (2007) မှ ကောက်နုတ် ဖော်ပြခြင်းဖြစ်ပါသည်။

  ဖတ်ရှုရန် အင်တာနက်စာမျက်နှာ - http://library.siam-legal.com/thai-law/domestic-violence-act-general-sections-1-3/

## Handout 2.3.3: Cambodian Domestic Violence Act
## ဝေငှစာရွက် (၂.၃.၃) - ကမ္ဘောဒီးယား နိုင်ငံ၏အိမ်တွင်းအကြမ်းဖက်မှုဥပဒေ

**Article 2.**

Domestic violence is referred to the violence that happens and could happen towards:

1- Husband or wife
2- Dependent children
3- Persons living under the roof of the house and who are dependent of the households.

**Article 3.**

Domestic violence is required to be prevented in time effectively and efficiently and that it is required to take the most appropriate measures in order to protect the victims or the persons who could be vulnerable.

Violence includes:

- Acts affecting life
- Acts affecting physical integrity
- Tortures or cruel acts
- Sexual aggression.

From the Law on The Prevention of Domestic Violence and The Protection of Victims (2005). Kingdom of Cambodia. Available at https://www.wcwonline.org/pdf/lawcompilation/Cambodia_dv_victims2005.pdf

**ပုဒ်မ ၂**

အောက်ပါပုဂ္ဂိုလ်များအပေါ်၌ ဖြစ်စေသော၊ သို့မဟုတ် ဖြစ်စေနိုင်သော အကြမ်းဖက်မှုများကို အိမ်တွင်းအကြမ်းဖက်မှုဟု ခေါ်ပါသည်။

၁။ လင် သို့မဟုတ် မယား
၂။ မိဘအပေါ်မှီခိုနေရသည့် ကလေးများ
၃။ အိမ်အတွင်းရှိ တမိုးအောက်အတူနေထိုင်နေသူများနှင့် မိသားစုအပေါ် မှီခိုနေထိုင်နေရသူများ။

**ပုဒ်မ ၃**

အိမ်တွင်းအကြမ်းဖက်မှုများကို အချိန်မီ ထိရောက်စွာနှင့် ကျွမ်းကျင်စွာ ကာကွယ်ရန် လိုအပ်ပါသည်။ ထို့အပြင် အကြမ်းဖက်ခံရသည့်သူများနှင့် အကြမ်းဖက်ခံရရန် ထိခိုက်လွယ်သည့်သူများကိုလည်း အကောင်းမွန်ဆုံး နည်းများဖြင့် ကာကွယ်ပေးရန် လိုအပ်ပါသည်။

အကြမ်းဖက်ခြင်းများတွင် -

- အသက်ကို ထိခိုက်စေမည့် လုပ်ဆောင်ချက်များ
- ရုပ်ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်မည့် လုပ်ဆောင်ချက်များ
- ညှင်းပန်းနှိပ်စက်မှုများ သို့မဟုတ် ရက်စက်ကြမ်းကြုတ်သောလုပ်ဆောင်ချက်များ
- လိင်ပိုင်းဆိုင်ရာ စော်ကားမှုများ

ကမ္ဘောဒီးယားနိုင်ငံ၏ ၂၀၀၅ ခုနှစ် အိမ်တွင်းအကြမ်းဖက်မှုများနှင့် ထိခိုက်နစ်နာခံရသူများကို ကာကွယ်ပေးခြင်းဥပဒေမှ ကိုးကား ဖော်ပြထားပါသည်။

ဖတ်ရှုရန် အင်တာနက်စာမျက်နှာ -
https://www.wcwonline.org/pdf/lawcompilation/Cambodia_dv_victims2005.pdf

# Handout 2.3.4: Malaysian Domestic Violence Act
# ဝေငှစာရွက် (၂.၃.၄) - မလေးရှားနိုင်ငံ၏အိမ်တွင်းအကြမ်းဖက်မှုဥပဒေ

2. In this Act, unless the context otherwise requires—

"domestic violence" means the commission of one or more of the following acts:

(a) willfully or knowingly placing, or attempting to place, the victim in fear of physical injury;

(b) causing physical injury to the victim by such act which is known or ought to have been known would result in physical injury;

(c) compelling the victim by force or threat to engage in any conduct or act, sexual or otherwise, from which the victim has a right to abstain;

(d) confining or detaining the victim against the victim's will;

(e) causing mischief or destruction or damage to property with intent to cause or knowing that it is likely to cause distress or annoyance to the victim;

(f) causing psychological abuse which includes emotional injury to the victim;

(g) causing the victim to suffer delusions by using any intoxicating substance or any other substance without the victim's consent or if the consent is given, the consent was unlawfully obtained; or

(h) in the case where the victim is a child, causing the victim to suffer delusions by using any intoxicating substance or any other substance,

by a person, whether by himself or through a third party, against—

(i) his or her spouse;

(ii) his or her former spouse;

(iii)a child;

(iv) an incapacitated adult; or

(v) any other member of the family;

From DOMESTIC VIOLENCE ACT 1994. LAWS OF MALAYSIA (Act 521).

Available at: www.agc.gov.my/agcportal/uploads/files/Publications/LOM/EN/Act%20521%20-%20Domestic%20Violence%20Act%201994.pdf

၂။ ဤအက်ဥပဒေ၌ အောက်ဖော်ပြပါ လုပ်ဆောင်ချက် တစ်ရပ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပိုသော လုပ်ဆောင် ချက်များကို ကျူးလွန်ခဲ့လျှင် အိမ်တွင်းအကြမ်းဖက်မှု မြောက်စေပါသည်။

(က) သိလျက်နှင့် သို့မဟုတ် ထိုသို့ဖြစ်စေရန် ကြံရွယ်ချက်ဖြင့် ထိခိုက်နစ်နာခံရသူအား ရုပ်ပိုင်းဆိုင်ရာဒဏ်ရာ ရမှုမှ ကြောက်ရွံ့မှုကို ဖြစ်စေခဲ့လျှင်၊

(ခ) ထိုသို့ပြုလုပ်ခြင်းသည် ရုပ်ပိုင်းဆိုင်ရာအနာတရဖြစ်မှုကို ဖြစ်စေနိုင်သည်ဟုသိလျက်နှင့် သော်လည်းကောင်း ၊ထိုသို့ဖြစ်စေခြင်းငှာ တမင်တကာ ကြံရွယ်၍သော်လည်းကောင်း၊ ရုပ်ပိုင်းဆိုင်ရာ အနာတရဖြစ်မှုကို ဖြစ်စေခဲ့လျှင်၊

(ဂ) ထိခိုက်နစ်နာခံရသူအား ၄င်း၏ ငြင်းဆန်ပိုင်ခွင့်ရှိလျက်နှင့် အတင်းအကျပ် သို့မဟုတ် ခြိမ်းခြောက်၍ လုပ်ဆောင်မှုတစ်ရပ်၊ လိင်ပိုင်းဆိုင်ရာ လုပ်ဆောင်မှု တစ်ရပ်ရပ်ကို လုပ်ဆောင်စေခဲ့လျှင်၊

(ဃ) ထိခိုက်နစ်နာခံရသူ၏ သဘောဆန္ဒကို ဆန့်ကျင်ပြီး ထိုထိခိုက်နစ်နာခံရသူအား ထိန်းချုပ်ထားခြင်း ဖြစ်စေခဲ့လျှင်၊

(င) ထိခိုက်နစ်နာခံရသူအား ဆင်းရဲဒုက္ခ သို့မဟုတ် အနှောက်အယှက်ဖြစ်စေရန် ၄င်းပိုင်ဆိုင်သည့် ဥစ္စာ ပစ္စည်းများအား ထိခိုက်အောင်ပြုလုပ်ခြင်း၊ သို့မဟုတ် အပျက်အစီး၊ သို့မဟုတ် ထိခိုက်မှုကိုဖြစ်စေနိုင်သည့် ကြံရွယ်ချက်ဖြင့် ပြုလုပ်မှု တစ်ရပ်ရပ်ကို လုပ်ဆောင်ခဲ့လျှင်၊

(စ) ထိခိုက်နစ်နာခံရသူအား စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာရမှုကို ဖြစ်စေနိုင်သည့် စိတ်ဓာတ်ရေးရာအနိုင်ကျင့်မှုကို ပြုလုပ်လျှင်၊

(ဆ) မူးယစ်စေသော၊ သို့မဟုတ် ယစ်မူးစေသောအရာများ သို့မဟုတ် တခြားသောအရာများကို ထိခိုက် နစ်နာခံသူ၏ သဘောဆန္ဒမပါဘဲ အသုံးပြုပြီး စိတ်ကရောင်ခြောက်ခြား ဖြစ်မှုကို ဖြစ်စေလျှင်၊ သို့မဟုတ် ဥပဒေနှင့် ညီညွတ်သည့် နည်းလမ်းများကို အသုံးပြုပြီး ထိုသို့ မူးယစ်စေသည့်အရာများကို အသုံးပြုရန် သဘောတူညီချက်ကို ရယူခဲ့သည့် သဘောတူညီချက် ဖြစ်ခဲ့လျှင်၊ သို့မဟုတ်

(ဇ) ထိခိုက်နစ်နာခံရသူက ကလေးသူငယ်ဖြစ်နေပြီး မူးယစ်စေသည့်အရာများ သို့မဟုတ် တခြားသော အရာများကို အသုံးပြုကာ စိတ်ကရောင်ခြောက်ခြားဖြစ်မှုကို ဖြစ်စေခဲ့လျှင်၊

လူတစ်ဦးတစ်ယောက်မှ (၄င်းကိုယ်တိုင်မှ ဖြစ်စေ၊ သို့မဟုတ် တခြားတတိယမြောက်လူမှဖြစ်စေ) ၄င်း၏

(က) အိမ်ထောင်ဘက်အားငှင်း၊

(ခ ) အရင်အိမ်ထောင်ဘက်အားငှင်း၊

(ဂ) ကလေးငယ်အားငှင်း၊

(ဃ) မသန်စွမ်းဖြစ်နေသည့် အရွယ်ရောက်လူသားတစ်ယောက်အားငှင်း၊ သို့မဟုတ်

(စ) တခြားသော မိသားစုဝင်များအားငှင်း၊

အထက်ပါ ကိစ္စရပ်များကို ကျူးလွန်လျှင် အိမ်တွင်းအကြမ်းဖက်မှု မြောက်စေပါသည်။

၁၉၉၄ခုနှစ် မလေးရှားနိုင်ငံ၏ဥပဒေများ၊ အိမ်တွင်းအကြမ်းဖက်မှုအက်ဥပဒေ (ပုဒ်မ ၅၂၁ မှ) ကောက်နုတ် ဖော်ပြခြင်းဖြစ်ပါသည်။

ဖတ်ရှုရန်အင်တာနက်စာမျက်နှာ -
www.agc.gov.my/agcportal/uploads/files/Publications/LOM/EN/Act%20521%20-%20Domestic%20Violence%20Act%201994.pdf

# Handout 2.3.5: Vietnamese Domestic Violence Act
# ဝေငှစာရွက် (၂.၃.၅) - ဗီယက်နမ်နိုင်ငံ၏အိမ်တွင်းအကြမ်းဖက်မှုဥပဒေ

**Article 2**

1. Acts of domestic violence include:
    a. Persecuting, maltreating, beating or other intentional acts that harm another family member health or life;
    b. Reviling or other intentional acts that offend another family member's honor or dignity;
    c. Isolating, driving away or frequently imposing psychological pressures that cause serious consequences;
    d. Obstructing the exercise of rights and fulfillment of responsibilities concerning family relationships between grandparents and grandchildren; parents and children; wives and husbands; and among siblings;
    e. Forcing sex;
    f. Forcing early marriage, forcing marriage or divorce, or obstructing voluntary and progressive marriage;
    g. Appropriating, destroying, breaking or other intentional acts that damage private property of other family members or common property of family members;
    h. Forcing family members to overwork or make financial contributions beyond their capacity; controlling family members' incomes in order to create financial dependence;
    i. Committing illegal acts to force family members to leave their abode.

From Law on Domestic Violence Prevention and Control, The National Assembly, No.: 02/2007/QH12. Socialist Republic of Vietnam

Available at https://wcwonline.org/pdf/lawcompilation/VietnamDomesticViolence.pdf

**ပုဒ်မ ၂**

၁။ အိမ်တွင်းအကြမ်းဖက်မှုတွင် ပါဝင်သည့်အရာများမှာ -

(က) မိသားစုဝင်တစ်ဦးဦး၏ ကျန်းမာရေး သို့မဟုတ် အသက်ကို ထိခိုက်စေနိုင်သည့် နှိပ်စက်မှု၊ နှိပ်စက် ညှဉ်းပန်းမှု၊ ရိုက်နှက်မှု သို့မဟုတ် တခြားသော ကြံရွယ်ချက် တစ်ခုခုဖြင့် လုပ်ဆောင်မှု၊

(ခ) မိသားစုဝင်တစ်ဦးဦး၏ ရိုးဖြောင့်ဂုဏ်၊ သို့မဟုတ် ဂုဏ်သိက္ခာကို ထိခိုက်စေရန် ပုတ်ခတ်ဝေဖန်မှု သို့မဟုတ် တခြားကြံရွယ်ချက်တစ်ရပ်ရပ်ဖြင့် လုပ်ဆောင်မှု၊

(ဂ) မိသားစုဝင်တစ်ဦးဦးအား တစ်ဦးတည်း တသီးတသန့်နေစေခြင်း၊ သီးခြားခွဲထားခြင်း၊ သို့မဟုတ် မကြာခဏ စိတ်ဖိအားပေးခြင်းမှ ကြီးမားသော နောက်ဆက်တွဲ အကျိုးဆက်များ ဖြစ်ပေါ်စေခြင်း၊

(ဃ) ဘိုးဘွားများ နှင့် မြေး၊မြေးမများအကြား၊ မိဘများနှင့် သားသမီးများအကြား၊ လင်နှင့် မယား အကြား၊ နှင့် ဝမ်းကွဲမောင်နှမသားချင်းများအကြားရှိ မိသားစုဆက်ဆံရေးနှင့် စပ်ဆိုင်သည့် ရပိုင်ခွင့်များ နှင့် တာဝန်များကို ကျင့်သုံးနိုင်ခြင်းမှ ပိတ်ပင်တားဆီးထားခြင်း၊

(င) အတင်းအကျပ် လိင်ရယူမှု၊

(စ) အရွယ်မရောက်သေးဘဲ အတင်းအကျပ် လက်ထပ်စေခြင်း၊ အတင်းအဓမ္မ လက်ထပ်ထိမ်းမြားခြင်း သို့မဟုတ် ကွာရှင်းခြင်း၊ သို့မဟုတ် မိမိသဘောဆန္ဒမပါဘဲ အဆင့်ဆင့် လက်ထပ်ထိမ်းမြားစေခြင်း၊

(ဆ) မိသားစုဝင်တစ်ဦးဦး၏ ကိုယ်ပိုင်ဥစ္စာပစ္စည်း သို့မဟုတ် မိသားစုဝင်များ၏ ဥစ္စာပစ္စည်းများအား မောင်ပိုင်စီးခြင်း၊ ဖျက်ဆီးခြင်း၊ ချိုးဖျက်ခြင်း သို့မဟုတ် တခြားကြံရွယ်ချက်ဖြင့် ကျိုးပျက်အောင် ဖျက်ဆီးခြင်းများ ပြုလုပ်ခြင်း၊

(ဇ) မိသားစုဝင်များ စွမ်းဆောင်နိုင်သည်ထက် ကျော်လွန်သော အလုပ်များကို မနိုင်မနင်း လုပ်ဆောင်စေပြီး ငွေရှာခိုင်းခြင်း၊ ထိုမှ ရရှိလာသည့် မိသားစုဝင်များ၏ ဝင်ငွေများကို ၄င်း၏ ငွေကြေးခိုင်မာမှုအတွက် ထိန်းချုပ်ထားခြင်း၊

(ဈ) မိသားစုဝင်များအား နေအိမ်မှ ထွက်ခွာသွားစေရန် အင်အားသုံးပြီး တရားမဝင်သည့် လုပ်ဆောင် ချက်များကို လုပ်ဆောင်ခြင်း
စသည်တို့သည် အိမ်တွင်းအကြမ်းဖက်မှု မြောက်စေပါသည်။

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံတော်၊ အိမ်တွင်းအကြမ်းဖက်မှုကာကွယ်ခြင်းနှင့် ထိန်းသိမ်းခြင်းဥပဒေ၊ အမှတ် ၀၂၊၂၀၀၇၊ QH ၁၂၊ အမျိုးသားလွှတ်တော် မှ ကိုးကားချက်။

ဖတ်ရှုရန် အင်တာနက်စာမျက်နှာ - https://wcwonline.org/pdf/lawcompilation/VietnamDomesticViolence.pdf